**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ


# မြဝတီ

နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၇၂)

၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၂၉ ရက်၊ တနင်္ဂနွေနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Buryatia ပြည်နယ်၊ Ulan-Ude မြို့သို့ရောက်ရှိ

**နေပြည်တော် ဇွန် ၂၈**

ဘယ်လာရုစ်သမ္မတနိုင်ငံ၊ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့်စတုတ္ထအကြိမ်ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)သို့တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ၏ဖိတ်ကြားချက်အရ ယနေ့နံနက်ပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ မင့်စ်မြို့၊ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Buryatia ပြည်နယ်၊ Ulan-Ude မြို့သို့ ဆက်လက်ထွက်ခွာသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား မင့်စ်မြို့၊ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး(၁) Mr. Lukashevich Sergey Vladimirovich၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက

**စာမျက်နှာ ၁၆ ကော်လံ ၃** ✭



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး(၁) Mr. Lukashevich Sergey Vladimirovich နှင့်တာဝန်ရှိသူများက မင့်စ်မြို့၊ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်စဉ်။


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀




စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၂၉ ရက်)

# မြန်မာနိုင်ငံနှင့်ဥရောပ-အာရှစီးပွားရေးသမဂ္ဂ

နိုင်ငံတိုင်းအတွက်လိုအပ်ချက်မှာ စီးပွားရေးမောင်းနှင်အားတောင့်တင်းခိုင်မာရေးဖြစ်သည်။ စီးပွားရေးမောင်းနှင်အားတောင့်တင်းခိုင်မာမှသာ အခြားသောကဏ္ဍများကိုဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကိုဆောင်ရွက်လျက်ရှိသည်။ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရန်အတွက် အရည်အသွေးနှင့်အဆင့်အတန်းမီထုတ်ကုန်ပစ္စည်းများကိုထုတ်လုပ်နိုင်ရမည်ဖြစ်သည်။ ထိုသို့ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာလိုအပ်သည်။ ထို့အတူ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးအတွက် ကျယ်ပြန့်သည့်ဈေးကွက်ရှိရမည်ဖြစ်သည်။ အဆိုပါလိုအပ်ချက်များပြည့်ဝစေရန် မြန်မာနိုင်ငံအနေဖြင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံနှင့်ဥရောပ-အာရှစီးပွားရေးသမဂ္ဂတို့အကြား ထိတွေ့ဆက်ဆံမှုသည် ၂၀၂၂ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ဖိတ်ကြားချက်အရ EAEU နှင့်ဥရောပ-အာရှစီးပွားရေးကော်ပိုရေးရှင်း(EEC)၏ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ စသည့်ကဏ္ဍပေါင်းစုံကိုကျယ်ပြန့်စွာဆွေးနွေးနိုင်ခဲ့သည်။ ထိတွေ့ဆက်ဆံမှုအနေဖြင့် ၂၀၂၃ ခုနှစ်မှစပြီး အရှိန်အဟုန်မြှင့်တက်လာခဲ့သည်။ ထိုစဉ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင်ကျင်းပခဲ့သည့်(၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် မြန်မာနိုင်ငံနှင့်ဥရောပ-အာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ထို့ပြင် ၂၀၂၄ ခုနှစ်တွင် ဥရောပ-အာရှစီးပွားရေးကော်မရှင်(EEC) ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်နိုင်ခဲ့သည်။ မြန်မာနှင့်ဥရောပ-အာရှစီးပွားရေးကော်မရှင်အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအကောင်အထည်ဖော်ရေး ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးများကို မြန်မာနိုင်ငံ နေပြည်တော်တွင်တစ်ကြိမ်၊ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင်တစ်ကြိမ်ပြုလုပ်ပြီး ပူးပေါင်းဆောင်ရွက်မှု၊ ဆက်သွယ်ဆက်ဆံမှုတို့ကို မြှင့်တင်နိုင်ခဲ့သည်။ ဤသည်မှာ အပြန်အလှန်ဆက်ဆံရေးမြှင့်တင်ရန်အတွက် အခြေခံအုတ်မြစ်ချနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့်စီးပွားရေး၊ ကုန်သွယ်ရေးစသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများကိုရှာဖွေဖော်ထုတ်ပြီး တိုးမြှင့်ဆောင်ရွက်မည်ဖြစ်သည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်အစည်းအဝေးကို ဇွန်လ ၂၆ ရက်တွင်ကျင်းပသည်။ ဥရောပ-အာရှစီးပွားရေးသမဂ္ဂ(EAEU) ကို၂၀၁၅ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်နိုင်စေရန်နှင့် လူနေမှုအဆင့်အတန်းမြှင့်တင်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဖိတ်ကြားခြင်းခံရသည့် နိုင်ငံများအပါအဝင် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များပါဝင်သည့် ဥရောပ-အာရှစီးပွားရေးဖိုရမ်ကို ကျင်းပခဲ့သည်မှာ ယခုအခါ စတုတ္ထအကြိမ်သို့ရောက်ရှိပြီဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ် (EEF 2025)၏မျက်နှာစုံညီအစည်းအဝေး၌မိန့်ခွန်းပြောကြားစဉ် **“စိန်ခေါ်မှုများစွာနှင့်ရင်ဆိုင်နေရသည့် ယနေ့နိုင်ငံတကာအခင်းအကျင်းတွင် ခြိမ်းခြောက်မှုများကိုကျော်လွှားနိုင်ရန်အတွက် မိမိတို့အနေဖြင့် စုပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့သောအခြေအနေများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် စုပေါင်းဆောင်ရွက်သည့်နေရာတွင် ဥရောပ-အာရှစီးပွားရေးသမဂ္ဂအဖွဲ့ကြီး၏အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ဥရောပ-အာရှစီးပွားရေးသမဂ္ဂသည် ပြင်ပစီးပွားရေးစိန်ခေါ်မှုများနှင့်ပိတ်ဆို့ဒဏ်ခတ်မှုများကြားတွင် မကြာသေးမီနှစ်များအတွင်း တည်ငြိမ်သောတိုးတက်မှုများနှင့်အရေးပါသောအောင်မြင်မှုများကို ပြသနိုင်ခဲ့သည်ကို ဝမ်းမြောက်စွာတွေ့ရှိရကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ယခုဖိုရမ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂအနေဖြင့် ပြောင်းလဲနေသည့် ကမ္ဘာ့ပတ်ဝန်းကျင်နှင့်အညီ နိုင်ငံတကာအခန်းကဏ္ဍမြှင့်တင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့်စွမ်းအင်ကဏ္ဍ ပလက်ဖောင်းတစ်ခုပေါ်ထွက်ရေး၊ အပြည်ပြည်ဆိုင်ရာငွေပေးချေမှုစနစ်မြှင့်တင်ရေး၊ လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်(FTA)များပေါ်ထွက်လာရေး၊ ဖွံ့ဖြိုးမှုကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေး၊ ငွေကြေးဆိုင်ရာ အထောက်အကူပြုနည်းလမ်းများ တိုးတက်လာရေးတို့ကို တိုးတက်အကောင်အထည်ဖော်နိုင်ခဲ့သည်။ ဖွံ့ဖြိုးတိုးတက်သည့်လူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်ရာတွင် ပေါင်းစည်းညီညွတ်မှုရှိသည့်ဒေသတွင်းအဖွဲ့အစည်းတစ်ခုကိုအပြန်အလှန်လေးစားမှုဖြင့်တည်ဆောက်ကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် မြန်မာနိုင်ငံ၏စီးပွားရေးမောင်းနှင်အားတောင့်တင်းခိုင်မာစေရေးအတွက် ဆောင်ရွက်ချက်များကိုကြိုဆိုပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## မြိတ်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြသ

မြိတ် ဇွန် ၂၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကလင်ဘန်းကျေးရွာရှိ ကွင်းအမှတ်(၂၆၅) တောင်သူဦးငွေလွယ်၏ လယ်ယာ ၃ ဧကခန့်တွင် မြိတ်မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြသပွဲကို ဇွန်လ ၂၈ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင်မြိတ်မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအောင်သိန်းတင်က တောင်သူများအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ဒေသခံတောင်သူများအနေဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ခေတ်မီစက်ကိရိယာ၊ ကောက်စိုက်စက်ဖြင့်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးရည်ရွယ်၍ သရုပ်ပြစိုက်ပျိုးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြိတ်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၉၅) စက်မှုလယ်ယာစခန်းမှ တာဝန်ရှိသူများက စိုက်ပျိုးနည်းအသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြပြီး KUBOTA ထွန်စက်ဖြင့်ထွန်ယက်၍ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကို သရုပ်ပြသစိုက်ပျိုးကြရာ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသခံတောင်သူလယ်သမားများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။ (၄၁၂)

## မြင်းခြံမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

မြင်းခြံ ဇွန် ၂၈

ပြည်သူများ သစ်တောသစ်ပင်များ၏ တန်ဖိုးကို အလေးထားသိရှိနားလည်စေရန်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်စေရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒအကျိုးများရရှိစေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၂၈ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များနှင့်မြို့နယ်သစ်တောဦးစီးမှူး ဦးဇာနည်ဝင်းတို့က တာဝန်ရှိသူများအား ပျိုးပင်များ ဖြန့်ဝေပေးကြသည်။

ထို့နောက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သတ်မှတ်နေရာများတွင် ပျိုးပင်များကို စနစ်တကျစိုက်ပျိုးကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တမာ၊ ဗာဒံ၊ ကုက္ကို၊ မန်ကျည်း၊ ပိတောက်၊ ငုဝါ၊ သပြေဘူတ၊ မဲဇလီ၊ စိန်ပန်း စုစုပေါင်း ပျိုးပင် ၂၀၀ အား စိုက်ပျိုးကြကြောင်း သိရသည်။

**ကျော်စွာ(မြင်းခြံ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၆-၂၀၂၅ (တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၇:၁၅ | မေတ္တာပို့ |
| ၃။ | ၀၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၄။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၅။ | ၀၉:၀၀ | အမှတ်တရနေ့ရက်များ |
| ၆။ | ၁၀:၀၀ | စာပေနှင့်အနုပညာသတင်း |
| ၇။ | ၁၁:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၈။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု |
| ၉။ | ၁၃:၀၀ | ဝေမျှဆွေးနွေး လူငယ့်အရေး |
| ၁၀။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၁၁။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၁၂။ | **၁၉:၀၀** | **ရုပ်မြင်သံကြားဇာတ်လမ်း အချစ်ဆုံးသူရဲ့ရင်မှာ (ဇာတ်သိမ်းပိုင်း) သရုပ်ဆောင်- ပြေငြိမ်း၊ ရဲအောင်၊ မေဆွိ ဒါရိုက်တာ- အောင်မြင့်မြတ်** |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၁၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဇွန်လနောက်ဆုံးပတ်အတွင်း ငွေကျပ်သိန်း ၈၀၀ နီးပါးတန်ဖိုးရှိ စတော့ရှယ်ယာအစောင် နှစ်သောင်းခွဲကျော် အရောင်းအဝယ်ဖြစ်ခဲ့




ရန်ကုန် ဇွန် ၂၈

ရန်ကုန်စတော့အိတ်ချိန်း၌ ဇွန်လနောက်ဆုံးပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၈၀၀ နီးပါးတန်ဖိုးရှိ စတော့ရှယ်ယာအစောင် နှစ်သောင်းခွဲကျော် အရောင်းအဝယ်ဖြစ်ခဲ့သည်။

အဆိုပါ ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဇွန်လ ၂၃ ရက်မှ ၂၇ ရက်အထိ စုစုပေါင်း ငွေကျပ် ၇၉၃၆၀၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၅၁၈၅ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့ အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၁၉၃၆၇၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၉၆၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၂၇၆၉၄၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၀၉၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၉၅၇၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၁၃၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၂၂၁၈၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၁၉၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၃၂၀၉၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၁၆၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၈၄၂၅၈၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၂၅၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၅၅၁၂၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၄၀၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ထက်ဝက်ခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၁၁၉၇၃၇၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၃၉၇၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

# ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ယာဉ်လမ်းအန္တရာယ်ကင်းရှင်းစွာ သွားလာတတ်စေရန်ရည်ရွယ်၍ ယာဉ်ထိန်းတပ်ဖွဲ့စု(၂၅) ဒုတိယရဲမှူးအေးသန်း၏ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ပညာရေးဌာနတို့ပူးပေါင်းပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန်လ ၂၇ ရက်က တာမွေမြို့နယ်ရှိ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တာမွေမြို့နယ်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးငွေတိုးက အဖွင့်အမှာစကားပြောကြားပြီး ယာဉ်ထိန်းတပ်ဖွဲ့စု (၂၅) ဒုတိယရဲမှူးအေးသန်းက ခြေကျင်လျှောက်သူများ လိုက်နာရမည့်စည်းကမ်းများနှင့် အဆိုပါစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ပါက အရေးယူခံရနိုင်သည့် ပုဒ်မများ၊ ပြစ်ဒဏ်များအကြောင်း ကျောင်းသား၊ ကျောင်းသူများ သိသင့်သိထိုက်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့်ပတ်သက်၍ အကျယ်တဝင့်အသိပညာပေးဟောပြောသည်။ ဆက်လက်၍ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ တာမွေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့စု (၂၅) ဒုတိယရဲမှူးအေးသန်းနှင့် ဝန်ထမ်းများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယနေ့ကမ္ဘာပေါ်တွင် ယာဉ်တိုက်မှုကြောင့် တစ်နှစ်လျှင် လူဦးရေ ၁ ဒသမ ၃၅ သန်းကျော် သေဆုံးနေရပြီး တစ်ရက်လျှင် သေဆုံးနှုန်းပျမ်းမျှ ၃၇၀၀ ခန့်ရှိကြောင်း၊ တာမွေမြို့နယ်အတွင်း ယာဉ်လမ်းအန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို အရှိန်အဟုန်မြှင့်ကျင်းပလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# ယခုဘဏ္ဍာနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးလက်ရေရရှိရေး လုပ်ငန်း ၁၄ ခုကို အကောင်အထည်ဖော်ဆောင်ရွက်မည်

ထားဝယ် ဇွန် ၂၈

တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်း ၁၄ ခုကို ခွင့်ပြုငွေ ငွေကျပ် ၄၅၀ ဒသမ ၉၂၄ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိသုံးစွဲနိုင်စေရန်၊ သောက်သုံးရေရှားပါးမှုမရှိစေရန်နှင့် နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရန် ဘဏ္ဍာနှစ်အလိုက် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို လျာထားဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ်တွင်လည်း အလားတူစီစဉ်ဆောင်ရွက်မည်ဖြစ်သည်။

"ဒီဘဏ္ဍာနှစ်မှာ တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၁၅၄ ဒသမ ၅၁၅ သန်းနဲ့ ကျေးလက်ရေရရှိရေးလုပ်ငန်းခုနစ်ခု၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ခွင့်ပြုငွေ ငွေကျပ် ၂၉၆ ဒသမ ၄၀၉ သန်းနဲ့ လုပ်ငန်းခုနစ်ခု စုစုပေါင်းခွင့်ပြုငွေ ငွေကျပ် ၄၅၀ ဒသမ ၉၂၄ သန်းနဲ့ ကျေးလက်ရေရရှိရေးလုပ်ငန်း ၁၄ ခုကို အကောင်အထည်ဖော်ဆောင်ရွက်မှာပါ"ဟု တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲခေါင်ကပြောသည်။

တနင်္သာရီတိုင်းဒေသကြီး အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးလက်ရေရရှိရေးလုပ်ငန်း ၁၄ ခုတွင် တွင်းတိမ်(စက်ရေတွင်း) နှစ်တွင်း၊ လက်တူးတွင်းနှစ်တွင်း၊ မြေသားရေကန်တစ်ကန်၊ ရေစုကန်သုံးကန်၊ အိမ်သွယ်ရေတိုင်စနစ်တစ်ခု၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းလေးခုနှင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းတစ်ခုတို့ ပါဝင်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ရေရရှိရေးလုပ်ငန်း ၁၄ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် စုစုပေါင်းမြို့နယ်ခြောက်မြို့နယ်မှ အိမ်ခြေ ၂၃၅၉ အိမ် လူဦးရေ ၁၀၇၉၈ ဦးကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ လာမည့်ဘဏ္ဍာနှစ်များတွင်လည်း ကောက်ခံရရှိမည့် စာရင်းဇယားပေါ်မူတည်ကာ လျာထားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### လင်မယားတကွဲစီ

၁၉၄၂ ခုနှစ်သည် ကျွန်ုပ်၏တစ်သက်တာတွင် ကျန်းမာရေး၊ စီးပွားရေးနှင့်တကွ အနေအထိုင်ပါ ဒုက္ခအရောက်ဆုံး၊ အညှိုးငယ်ဆုံးသော ကာလအပိုင်းအခြားပေတည်း။ သူတစ်ပါးအိမ်၌ အရိပ်ခိုနေရ၍ (ကိုယ့်ထမင်းတော့ ကိုယ်ချက်စားပါသည်။) ငှက်ဖျားကလည်း ခဏခဏဖျား၊ ဆေးကောင်းဝါးကောင်းလည်း မရနိုင်၊ ဂျပန်သတင်းစာတိုက်ကလည်း မဖွင့်နိုင်သေး။ အင်္ဂလိပ်လေယာဉ်ပျံများကလည်း ခဏခဏဗုံးကြဲ၊ စက်သေနတ်ပစ်။ လက်နှိပ်စက်ရောင်းခဲ့ရသည့် ပိုက်ဆံလေးလည်း ကုန်ပြီဖြစ်၍ လက်ပတ်နာရီနှင့် အဝတ်အစားလေးများကို ညီတော်မောင်ထံသို့ရောင်းပြီး မနက်၊ ညအလျဉ်မီအောင် အလွန်တရာချွေတာစားသောက်ကြရပါသည်။ နောက်ဆုံး၌ အင်္ဂလိပ်လေယာဉ်ပျံများသည် ညစဉ်လိုပင် လာရောက်ဗုံးကြဲကြသည်တွင် ရန်ကုန်မြို့သူမြို့သားများမှာ ယခင်ကထက် ပိုမိုထိတ်လန့်လာကြပြန်လေပြီ။ ဂျပန်သတင်းစာထုတ်ဖို့ဆိုသော စိတ်ကူးမှာလည်း ဘယ်ဆီရောက်သွားသည် မဆိုနိုင်ချေ။

ဤအတောအတွင်း သီတာလမ်းမှ လူများသည်လည်း ဂျပန်ဗုံးများကြဲချသည့်ခေတ်ကကဲ့သို့ အင်္ဂလိပ်ဗုံးများကို ကြောက်လာကြပြန်သည်နှင့် တောင်ပြေးမြောက်ပြေး ပြေးကုန်ကြပြန်ရာ သီတာလမ်းမှာ ရှေးနည်းအတိုင်း ခြောက်ကပ်လူပြတ်သောအဖြစ်သို့ ရောက်ရပြန်လေပြီ။ ကျွန်ုပ်၏အဖျားကလည်း ပြတ်သေးသည်မရှိ။ တစ်ရက်ခြား၊ နှစ်ရက်ခြားဖျားလျက်ပင်ရှိသေး၏။ ဤအထဲတွင် ကျွန်ုပ်တို့နေသော အိမ်ရှင်များလည်း ပြေးဖို့ပြင်လျက်ရှိကြပြန်လေပြီ။ ဤသို့သောအခက်အခဲတွင် ကျွန်ုပ်တို့အဖို့ ကယ်ပေါက်လေးတစ်ခုပေါ်လာသည်မှာ ကျွန်ုပ်တို့ယခင်ကနေခဲ့သည့် အိမ်မြင့်၌ နေထိုင်လျက်ရှိသော တရုတ်ကပြား ဇနီးမောင်နှံသည် (အထူးသဖြင့် ဇနီးဖြစ်သူသည်) ကျွန်ုပ်တို့ကို အလွန်ခင်မင်၍ ကျွန်ုပ်တို့ ဇနီးမောင်နှံအား ကရုဏာဖြစ်ရှာကြသည်။ တစ်ရပ်လုံးပြေးကြမည်ပြုသည်တွင် သူတို့ဇနီးမောင်နှံက ကျွန်ုပ်တို့နှစ်ယောက်ကို မြစ်ကျိုးရွာသို့ အတူလိုက်ခဲ့ကြဖို့အကြောင်း၊ ဘာမျှပူစရာမရှိ။ ၎င်းတို့က အားလုံးတာဝန်ယူမည့်အကြောင်း ကြင်နာစွာနှင့် ပြောရှာကြပါပေသည်။ ကျွန်ုပ်စဉ်းစားမိသည်ကား မကျန်းမမာဖြစ်နေခိုက်တွင် ဇနီးမောင်နှံ နှစ်ယောက် အတူနေချင်သည်ကားမှန်သည်။ မြစ်ကျိုးသို့ နှစ်ယောက်စလုံးလိုက်သွားမူ နှစ်ယောက်အတွက်ဆိုပါက သူတို့အဖို့ တာဝန်လေးလိမ့်မည်။ ဝေဠုဝန်ကျောင်းတိုက်၌ နေထိုင်လျက်ရှိသော ညီနှင့်ခယ်မများထံသို့ နှစ်ယောက်စလုံး ပြောင်းရွှေ့သွားလျှင်လည်း နှစ်ယောက်အတွက်ဆိုတော့ ဝန်လေးလိမ့်မည်။ သို့ဖြစ်၍ မစိုးကို မြစ်ကျိုးသို့ ထည့်လိုက်ပြီး ကျွန်ုပ်တစ်ယောက်တည်း ညီများနှင့်အတူ ဝေဠုဝန်ကျောင်းတိုက်သို့သွား၍နေမည်ဟု ဆုံးဖြတ်လိုက်ပါတော့သည်။

### သေလျှင်ပြီးတာပဲ

ပထမ၌ ကပြားဇနီးမောင်နှံသည် မြစ်ကျိုးသို့ လေး၊ ငါးရက်ကြာမှ သွားကြရန် ချိန်းထားသော်လည်း လေယာဉ်ပျံများ လာလွန်းအားကြီးသည်နှင့် သီတာလမ်း၌ တစ်ရက်မျှပင် မနေဝံ့ကြတော့ဟုဆိုကာ သဃ်န်းကျွန်းသို့တစ်ထောက် ရွှေ့ပြောင်းကြပြီး ထိုနေရာ၌ လေး၊ ငါးရက်နေကြပြီးမှ မြစ်ကျိုးသို့တစ်ထောက်ရွှေ့ပြောင်းရန် စီမံကြလေ၏။

> **"ကျွန်ုပ်စဉ်းစားမိသည်ကား မကျန်းမမာဖြစ်နေခိုက်တွင် ဇနီးမောင်နှံနှစ်ယောက် အတူနေချင်သည်ကားမှန်သည်။ မြစ်ကျိုးသို့ နှစ်ယောက်စလုံးလိုက်သွားမူ နှစ်ယောက်အတွက်ဆိုပါက သူတို့အဖို့ တာဝန်လေးလိမ့်မည်။ ဝေဠုဝန်ကျောင်းတိုက်၌ နေထိုင်လျက်ရှိသော ညီနှင့်ခယ်မများထံသို့ နှစ်ယောက်စလုံး ပြောင်းရွှေ့သွားလျှင်လည်း နှစ်ယောက်အတွက်ဆိုတော့ ဝန်လေးလိမ့်မည်။ သို့ဖြစ်၍ မစိုးကို မြစ်ကျိုးသို့ ထည့်လိုက်ပြီး ကျွန်ုပ်တစ်ယောက်တည်း ညီများနှင့်အတူ ဝေဠုဝန်ကျောင်းတိုက်သို့သွား၍ နေမည်ဟု ဆုံးဖြတ်လိုက်ပါတော့သည်. . ."**

ကျွန်ုပ်မှာ လေး၊ ငါးရက်အတွက်မျှနှင့် သဃ်န်းကျွန်းသို့ မလိုက်တော့ဆိုကာ ဝေဠုဝန်ကျောင်းတိုက်သို့ တစ်ခါတည်းပြောင်းရွှေ့ရန် ဆုံးဖြတ်လိုက်လေ၏။ သို့ဖြစ်၍ မစိုးတို့လူစုက သဃ်န်းကျွန်းသို့ ပြောင်းရွှေ့ကြသောအခါ ကျွန်ုပ်သည် ဝေဠုဝန်ကျောင်းသို့ပြောင်းရွှေ့၍ နှစ်ရက်တစ်ခေါက်၊ သုံးရက်တစ်ခေါက် သွားရောက်လည်ပတ်ရန် အစီအစဉ်ရှိလေသည်။ တစ်နေ့သ၌ ကျွန်ုပ်သည် မစိုးတို့ရှိသည့် သဃ်န်းကျွန်းသို့ သွားရောက်လည်ပတ်စဉ် ငှက်ဖျားတို့ထုံးစံအတိုင်း အချိန်မရွေးဖျားတတ်သည့်အလျောက် ညနေတွင် အဖျားဝင်၍ မပြန်နိုင်တော့ဘဲ သဃ်န်းကျွန်း၌ ညအိပ်ရ၏။ အင်္ဂလိပ်လေယာဉ်ပျံများသည် ထိုအချိန်က ညတိုင်းလိုပင် ရန်ကုန်သို့ လာရောက်ဗုံးကြဲလေ့ရှိရာ ကျွန်ုပ်အိပ်သော ညတွင်လည်း ခပ်များများလာကြသည်။ အချက်ပေးဥသြဆွဲသည်နှင့်တစ်ပြိုင်နက် အိမ်သူအိမ်သားများသည် ဗုံးကျင်းထဲသို့ ပြေးဝင်ကြလေရာ မစိုးက အဖျားတက်လျက်ရှိသော ကျွန်ုပ်အား တွဲခေါ်ပါမည်ဆိုသော်လည်း ကျွန်ုပ်က ဖွတ်ပေနေ၍ သူ့ကိုသာ အရှောင်ခိုင်းလေသည်။ ကျွန်ုပ်၏ စိတ်ကူးကား ဇနီးမောင်နှံနှစ်ယောက်တည်းရှိရသည့်အထဲတွင် အရေးအကြောင်းရှိ၍မှ အတူတူမပြေးနိုင်ဘဲ တစ်ယောက်တကွဲ ဖျားကျန်ရစ်ရမည့်အတူတူ ဗုံးမှန်၍သေလျှင်လည်းပြီးတာပဲဆိုကာ စောင်ခြုံပြီး မျက်စိမှိတ်နေရစ်ခြင်းဖြစ်လေသည်။ လေယာဉ်ပျံတစ်စင်းသည် ကျွန်ုပ်အိပ်လျက်ရှိသော အိမ်အထက်မှ နီးကပ်စွာပျံ၍ ဗုံးတစ်လုံးဖြုတ်ချလိုက်သည့်အသံကို ကျွန်ုပ် ကြားလိုက်ရ၏။ တချို့သောအင်္ဂလိပ်လေယာဉ်ပျံများသည် ဗုံးတစ်လုံးဖြုတ်ချလိုက်သည်နှင့်တစ်ပြိုင်နက် ဝါးစည်းကို မြေကြီးပေါ်၌ တရွတ်တိုက်၍ ဆွဲသောအသံကဲ့သို့ 'ဝရော၊ ရော ရော' ဟု မြည်၏။ ထိုအသံကြီးသည် ရှည်လျားစွာမြည်လျက်ရှိစဉ် တစ်ခဏထက် တစ်ခဏနီးကပ်လာ၍ ကျွန်ုပ်တို့၏အိမ်ပေါ်သို့ ကျတော့မည်ထင်ရ၏။ ကျွန်ုပ်ကမူ 'ကျစမ်းပါစေကွာ' ဟုဆိုကာ မျက်စိကို စုံမှိတ်ထားလိုက်၏။ 'ဝုန်း၊ အုံး၊ အုံး' ဟူသောအသံကြီး မြည်ဟိန်း၍ တစ်အိမ်လုံးသွက်သွက်ခါသွားပြီးလျှင် မြူမှုန်နှင့် အမှိုက်သရိုက်များသည် ခေါင်းမြီးခြုံထားသော ကျွန်ုပ်၏စောင်ပေါ်သို့ တဖွားဖွားကျလာလေ၏။ တစ်ခဏမျှကြာသော် တစ်ဖာလုံမရှိတရှိဝေးသည့်နေရာသို့ ဗုံးကျခြင်းဖြစ်သည်ဟု သိရလေသည်။ ကျွန်ုပ်၏အထင်မှာမူ ဟိုဘက်တစ်အိမ်ခြားလောက်တွင် ကျသည်ထင်မိ၍ 'စပလင်တာ' များပင် လွင့်စဉ်လာမည်လောဟု သတိရမိပါသေးသည်။ ထိုလသည် တပို့တွဲ (ဖေဖော်ဝါရီ) လဖြစ်၍ လိပ်ကန်တို့ဘက်က သဲသဲမဲမဲဗုံးချခြင်းကို ကျွန်ုပ်မှတ်မိသည်။

### တစ်သက်တွင် ဝမ်းအနည်းဆုံး

နောက်တစ်နေ့နံနက်၌ တရုတ်ကပြားမိတ်ဆွေများသည် သဃ်န်းကျွန်း၌ သုံး၊ လေးရက်နေမည်ဟူသော အစီအစဉ်ကိုဖျက်၍ ဤနေ့နံနက်ရထားနှင့်ပင် မြစ်ကျိုးသို့လိုက်ကြရန် ပြင်ဆင်ကြလေတော့သည်။ ကျွန်ုပ်သည် မစိုးအား ဘူတာရုံသို့လိုက်ပို့စဉ် တစ်သက်တွင် ကျွန်ုပ်၏စိတ်၌ အထိခိုက်ဆုံးသော အခြင်းအရာတစ်ခုအနေဖြင့် အသိအမှတ်ပြုမိပါသည်။ တရုတ်များဖမ်းသွား၍ သစ်ပင်ကြီးအောက်တွင် လူတွေကို စီတန်းထားပြီး စက်သေနတ်နှင့်ချိန်ကာ 'ခလောက် ခလက်' လုပ်စဉ်က ထိတ်လန့်တုန်လှုပ်ခဲ့ရခြင်းကား မှန်ပါသည်။ သို့သော် ထိုစဉ်ကမူ တစ်ကိုယ်လုံး ထုံပူလျက်ရှိသောကြောင့် ဘာသောညာသော သတိမရသဖြင့် ထိခိုက်လှသည်ဟု မဆိုနိုင်ပါ။ သူတို့လူစုအား ဘူတာရုံသို့လိုက်ပို့၍ ရထားထွက်ခါနီး၌မူကား ကျွန်ုပ်၏မကျန်းမာသောအဖြစ်ကိုလည်းကောင်း၊ တစ်ယောက်တည်းရှိသည့် ပြုစုမည့်မစိုးအားခွဲခွာ၍ တစ်ရပ်တစ်ကျေးသို့ လွှတ်လိုက်ရမည့်အဖြစ်ကိုလည်းကောင်း၊ မစိုးနှင့်ကျွန်ုပ်သည် သူတစ်ပါး၏နှာခေါင်းနှင့် အသက်ရှူကြမည့်အဖြစ်မျိုးသို့ ရောက်ရဦးမည်ကိုလည်းကောင်း၊ ဘေးအန္တရာယ်ထူထပ်သည့် ဤအချိန်အခါကြီးတွင် သူ့ခမျာမှာ အားငယ်ရာလိမ့်မည်ဟူသောအဖြစ်ကိုလည်းကောင်း၊ အလုံးစုံစဉ်းစားမိသည်နှင့် ရင်ထဲ၌ဆို့လာပြီး မျက်စိကောင်းစွာမမြင်ဘဲ မှုန်မှိုင်း၍သွားပါတော့သည်။

ဤအခြင်းအရာသည် မျက်ရည်ထွက်တော့မည့် ရှေ့ပြေးလက္ခဏာဖြစ်သည်ဟု ကျွန်ုပ်ရိပ်မိသည်နှင့် ထွက်မည်ပြုသောမျက်ရည်ကို ရှုံ့သွင်းကာ ကြိုးစား၍ပြုံးသောမျက်နှာဖြင့် မစိုးအား နှုတ်ဆက်လိုက်ပါသည်။ ကျွန်ုပ်က မျက်ရည်လည်လျှင် မစိုးက ငိုလိမ့်မည်ဖြစ်ရာ အဘိုးကြီး၊ အမယ်ကြီးတွေဖြစ်ခါမှ လူသူရှေ့တွင် ငိုကြသည်ဟု မဖြစ်စေလိုသည့်အတွက် ကျွန်ုပ်က ကြိုးစား၍ချုပ်တည်းရခြင်းဖြစ်ပါသည်။ ဤကဲ့သို့ ချုပ်တည်းရသည့်အတွက် ရင်ထဲ၌ အောင့်သက်သက်ကြီးခံရပုံမှာ တစ်သက်တွင် ဤတစ်ခါမျှ ကြုံရဖူးသည်ဟု ဆိုနိုင်ပါသည်။ အမှန်ကိုဝန်ခံရလျှင် ကျွန်ုပ်သည် မိမိကိုယ်ကိုလည်းကောင်း၊ ဇနီးမစိုးကိုလည်းကောင်း ဤတစ်ကြိမ်ကဲ့သို့ ကရုဏာဖြစ်ရဖူးခြင်းကို ကြုံရဖူးသည်ဟု မမှတ်မိအောင် ရှိပါတော့သည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## မြန်မာ့သနပ်ခါးတန်ဖိုးထား အသိပညာပေးဟောပြောပွဲနှင့် Campaign လှုပ်ရှားမှုအခမ်းအနားကျင်းပ

ပန်းတနော် ဇွန် ၂၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းပြီး မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် ထင်ရှားလာရေးအတွက် ပြည်သူအားလုံး ပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြန်မာ့သနပ်ခါးတန်ဖိုးထား အသိပညာပေးဟောပြောပွဲနှင့် Campaign လှုပ်ရှားဆောင်ရွက်မှုအခမ်းအနားကို ဇွန်လ ၂၇ ရက်က ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာန ရွှေနော်သီရိခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးသီတာထက်က သနပ်ခါး၏အသုံးဝင်တန်ဖိုးကြီးပုံများ၊ သနပ်ခါးကို ဘိုးဘွားအစဉ်အဆက် ထိန်းသိမ်းလက်ဆင့်ကမ်းလာကြသည့် အကြောင်းအရာများ၊ သနပ်ခါးကို အမြတ်တနိုးလိမ်းခြယ်ကြပုံများနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် ထင်ရှားလာစေရန် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်များကို ဆွေးနွေးပြီး သနပ်ခါး၏ ဆေးဖက်ဝင်ပုံ အကြောင်းအရာများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် သနပ်ခါးလိမ်းခြယ်ခြင်း Campaign လှုပ်ရှားမှုလက်တွေ့သရုပ်ပြလိမ်းခြယ်ခြင်းများဆောင်ရွက်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်စာရေးဆရာအသင်းဝင်များ၊ မြို့မိမြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် သနပ်ခါးချစ်မြတ်နိုးသူများ တက်ရောက်ကြကြောင်း သိရသည်။



ချမ်းမြေ့

# ငလျင်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ငလျင်ဒဏ်ခံနိုင်သော ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများ၏ အရေးပါမှုနှင့်အသုံးပြုနိုင်မှု အသိပညာပေးဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၈

ငလျင်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ငလျင်ဒဏ်ခံနိုင်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးသံမဏိများ၏ အရေးပါမှုနှင့်အသုံးပြုနိုင်မှု အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ငွေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာများ၊ မြန်မာနိုင်ငံသံနှင့် သံမဏိအသင်းနှင့် မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ သံ၊ သံမဏိထုတ်လုပ်သည့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းမှ ထုတ်လုပ်သည့်သံ၊ သံမဏိများနှင့်ပတ်သက်၍ စံချိန်စံညွှန်းသုံးခုကို မဖြစ်မနေလိုက်နာရမည့်စံချိန်စံညွှန်းများအဖြစ် သတ်မှတ်နိုင်ရေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံနှင့်သံမဏိများကို တစ်နှစ်လျှင် ပျမ်းမျှတန်ချိန် တစ်သန်းခန့် နှစ်စဉ်သုံးစွဲလျက်ရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ပြည်တွင်းမှ သံနှင့်သံမဏိများကို တစ်နှစ်လျှင် ပျမ်းမျှတန်ချိန် နှစ်သိန်းကျော်သာ ထုတ်လုပ်နိုင်သဖြင့် ပြည်ပမှ တန်ချိန် ရှစ်သိန်းခန့် တင်သွင်းနေရကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်လာနိုင်သည့် သံ၊ သံမဏိများနှင့် ပြည်ပမှတင်သွင်းလာသည့်သံ၊ သံမဏိများကို အရည်အသွေး၊ စံချိန်စံညွှန်းထိန်းသိမ်းနိုင်ရေး ကြပ်မတ်စစ်ဆေးဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း၊ စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး အရည်အသွေးကောင်းမွန်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးသံ၊သံမဏိများ ထုတ်လုပ်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံသံနှင့်သံမဏိအသင်းဥက္ကဋ္ဌ မော်ဘီနည်းပညာတက္ကသိုလ် ပါမောက္ခချုပ်က သံနှင့်သံမဏိစံချိန်စံညွှန်းဆိုင်ရာအသိပညာများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သိပ္ပံနည်းပညာအင်ဂျင်နီယာ(ထွန်း)က ဆောက်လုပ်ရေးလုပ်ငန်းသုံးသိကောင်းစရာများခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌက ငလျင်အပြီးပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ငလျင်ဒဏ်ခံနိုင်သောဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများ၏အရေးပါမှုနှင့် အသုံးပြုနိုင်မှု၊ ပိုမိုစိတ်ချရသော သံမဏိဆီသို့ ဦးတည်နိုင်မည့်လမ်းကြောင်းများ၊ ငလျင်ဒဏ်ခံနိုင်သည့် ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်စေရန် ပြည်တွင်းစက်ရုံများအား အဆင့်မြှင့်တင်ခြင်း ခေါင်းစဉ်များဖြင့်လည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥပဒေအရ သံချောင်းများ အရည်အသွေးပြည့်ဝစွာထုတ်လုပ်ရေး ခေါင်းစဉ်များဖြင့်လည်းကောင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက က နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းသည်။

မွန်းလွဲပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ သုတေသနဌာနဝင်း အတွင်း၌ တည်ဆောက်လျက်ရှိသည့် မူလဓာတုဗေဒဓာတ်ခွဲခန်းကို ကြည့်ရှုစစ်ဆေးပြီး ဓာတုဗေဒပစ္စည်းများကို အမြန်ဆုံး စမ်းသပ်စစ်ဆေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ ဓာတုဗေဒပစ္စည်းများကိုစမ်းသပ်စစ်ဆေးမည့် ဝန်ထမ်းများ၏စွမ်းဆောင်ရည်များကိုလည်း မြှင့်တင်ပေးရန်၊ မူလဓာတုဗေဒဓာတ်ခွဲခန်း၌ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်း စနစ်တကျ ရေးဆွဲဆောင်ရွက်သွားရန်မှာကြားပြီး မူလဓာတုဗေဒဓာတ်ခွဲခန်းအတွင်း ဓာတုပစ္စည်းများ၊ အဏုဇီဝပိုးမွှားများအား စစ်ဆေးနိုင်မည့် စက်ပစ္စည်းကိရိယာများတပ်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။


ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ (အင်းစိန်) ၌ အစိုးရ-ပုဂ္ဂလိက ပူးပေါင်း၍ ဆေးဘူးခွံများ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။


မြဝတီ



## အထူးမိုးလေဝသ သတင်း

# ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် ဇူလိုင်လ ၄ ရက်အတွင်း နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်








နေပြည်တော် ဇွန် ၂၈

ယနေ့ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင်မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇူလိုင်လ ၄ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)



# ရေဝတီတိုင်းဒေသကြီးအတွင်းရှိ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းများဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုအားပေး



ပုသိမ် ဇွန် ၂၈

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ညောင်တုန်း၊ ပန်းတနော်၊ မအူပင်မြို့တို့ရှိ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများလုပ်ဆောင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ရေဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိ နည်းပညာပြန့်ပွားရေးစင်တာ (Knowledge Center)သို့ ရောက်ရှိပြီး တောင်သူများ မျိုးစေ့ချကိရိယာ(Drum Seeder)ဖြင့် မျိုးစေ့ချသရုပ်ပြပွဲကို ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဆားမလောက်ရွာ၊ သက်ရင်းကျောင်းရွာ၊ ဇီးဖြူကျွန်းရွာ၊ ဝါးတောရွာ၊ ထူးချောင်းရွာတို့မှ တောင်သူများအား မျိုးစေ့ချကိရိယာနှင့် MRTV DTH စလောင်းများအား ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တောင်သူများအား ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်းရှိ လူမှုအသိုက်အဝန်းများအား တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းများ ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ ရေဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေး၊ မွေးမြူရေးမှစ၍ ကဏ္ဍပေါင်းစုံတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေသည်ကိုတွေ့ရ၍ ဝမ်းမြောက်ကြောင်း ပြောကြားသည်။

ထို့နောက် ညောင်တုန်းမြို့နယ်ရှိ အာရှသားငါးမွေးမြူရေးကုမ္ပဏီကို ရောက်ရှိကာ ရေချိုပုစွန်၊ ငါးမျိုးစုံနှင့် ဘက်စုံမွေးမြူရေးလုပ်ငန်းများအားကြည့်ရှုကာ အသား၊ ငါးထုတ်လုပ်မှုအခြေအနေကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မအူပင်မြို့နယ် အလန်းအုပ်ကျေးရွာရှိ စိုင်းသီဟအသားတိုးကြက်မွေးမြူရေးလုပ်ငန်းသို့ရောက်ရှိကာ အသားတိုးကြက်များ မွေးမြူထားရှိနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပန်းတနော်မြို့ ဦးသန့်စာကြည့်တိုက်သို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုကလှူဒါန်းသည့် မှန်နန်းရာဇဝင်စာအုပ်များအားလည်းကောင်း၊ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ် ၁၀ သိန်း၊ MRTV DTH စလောင်းနှစ်စုံ၊ လူထုသိပ္ပံကျမ်းများနှင့် သုတ၊ ရသစာအုပ်များအားလည်းကောင်း ပေးအပ်လှူဒါန်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေကျပ် ၁၀ သိန်းအား ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံ ဦးတင်စိုးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များနေထိုင်လျက်ရှိသည့် ယာယီအဆောက်အအုံများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၂၈

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ရုံးဝင်းအတွင်း၌ ဝန်ကြီးဌာနမှ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသည့် အိပ်ခန်းတစ်ခန်းပါ Container House များ တပ်ဆင်တည်ဆောက်ပြီးစီးမှု၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား Container House များသို့ ပြောင်းရွှေ့နေရာချထားပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနေထိုင်ရာတွင် သောက်သုံးရေ၊ လျှပ်စစ်မီး၊ မိလ္လာနှင့်အခြေခံလိုအပ်ချက်များပြည့်စုံမှုရှိစေရေး အမြန်ဖြည့်ဆည်းဆောင်ရွက်ရန်၊ အညစ်အကြေးစွန့်ပစ်မှုများ စနစ်တကျဖြစ်စေရေးနှင့် တပ်ဆင်တည်ဆောက်ရန်ကျန်ရှိနေမှုများကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန်နှင့် ပြောင်းရွှေ့ရန်ကျန်ရှိသောဝန်ထမ်းများနှင့်မိသားစုဝင်များကို အမြန်ဆုံးနေရာချထားပေးနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနရုံးအနီးတွင် တည်ဆောက်ထားရှိသည့် နှစ်ခန်းတွဲ ယာယီအဆောက်အအုံများ၌ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မိသားစုဝင်များနေထိုင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်မိသားစုဝင်များ၏ တင်ပြချက်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို အမြန်ဆုံးဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများကိုမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# မြို့နယ်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၈

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၂၀)ရှိ တောင်သူ ဦးငွေဇင်နောင်၏ သုံးဧကတွင် ခြောက်တန်းသွားကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်တို့ဖြင့် မိုးစပါးစိုက်ပျိုးခြင်း တောင်သူပညာပေးသရုပ်ပြပွဲသို့ တက်ရောက် ကြည့်ရှုအားပေးသည်။ တောင်သူများအား နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မျိုးစပါးနှင့်သွင်းအားစုများပေးအပ်ကာ တောင်သူများ၏တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမ၌ကျင်းပသည့် ၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် တပ်ကုန်းမြို့နယ်အသင်းနှင့် ပျဉ်းမနားမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်း နှစ်ဦးတွဲပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့်အမျိုးသား သုံးဦးတွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆုနှင့်တတိယဆုရရှိသည့် အသင်းများကို ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဖလားပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**



# ပြည်သူတို့နှလုံးစိတ်ဝမ်းအေးချမ်းစေမည့် ငြိမ်းချမ်းရေး

ဘုန်းမောင်ဝင်း(ဖျာပုံ)

လူသားတို့မွေးဖွားလာသည်မှစတင်၍ လူ့လောကတွင် စိတ်ချမ်းသာကိုယ်ကျန်းမာဖြင့် ဘဝခရီးကို ဖြတ်သန်းလိုကြသည်မှာ တူညီသောဆန္ဒဖြစ်သည်။ တစ်ဦးအပေါ် တစ်ဦး လက်နက်ကိုင်အားကိုးဖြင့် အနိုင်ကျင့်လွှမ်းမိုးနေခြင်းကို မည်သူမျှ နှစ်သက်သဘောကျမည် မဟုတ်ပါ။ လက်နက်ကိုင်ဆောင်ကာ မတရားမှုများကျူးလွန်နေသူများရှိနေသည့်အတွက် မိမိတို့နေထိုင်ရာပတ်ဝန်းကျင်တွင်တည်ငြိမ်မှုကင်းမဲ့ကာ စိတ်သောကများစွာဖြင့်နေထိုင်ရခြင်းမှာ လူ့အခွင့်အရေးဆုံးရှုံးခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်ငြိမ်းချမ်းရေးနှင့်ပတ်သက်၍နိုင်ငံတော်အစိုးရအဆက်ဆက်ကကြိုးပမ်းဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်ကိုစတင်ထမ်းဆောင်ချိန်မှစ၍ငြိမ်းချမ်းရေးကိစ္စများကို အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။ "နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်" ဟူသောလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်အနေဖြင့် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေးကို အကြိမ်ပေါင်းများစွာပြုလုပ်ရင်း ရင်းနှီးပွင့်လင်းသော၊ ထင်ရှားမြင်သာသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကျင်းပပေးခဲ့သည်။

အချို့သော လက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးရယူရမည်ကို စိုးရွံ့သည့်အတွက် မရေရာမတိကျသောအကြောင်းအချက်များကိုပြ၍ ငြိမ်းချမ်းရေးလမ်းစဉ်မှသွေဖည်လျက်ရှိသည်။

ပြည်သူတို့၏လူမှုစီးပွားဘဝတည်ငြိမ်အေးချမ်းဖို့အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရမည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် တိုင်းပြည်ငြိမ်းချမ်းရမည်။ ထို့ကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို အလေးထားဆောင်ရွက်နေခြင်းဖြစ်သည်။ အဆိုပါစာချုပ်သည် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသာမက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် ပြည်ပနိုင်ငံအချို့မှ ခေါင်းဆောင်များ ပါဝင်လက်မှတ်ရေးထိုးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်သည်။ ဤစာချုပ်မှာ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် စတင်ထုတ်ပြန်ကြေညာခဲ့သည့် "ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခြင်း" မှစတင်ခဲ့ခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့ရည်ရွယ်ခြင်းဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်များ၏လက်နက်ကိုင်ပြီး အစိုးရအဆက်ဆက်ကိုတောင်းဆိုခဲ့သည်မှာ "အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်ကိုယ်ပိုင်အုပ်ချုပ်ရေး" ဖြစ်သည်။ ဤအချက်များကို NCA တွင်မူအားဖြင့်သဘောတူထားပြီး နိုင်ငံရေးဆွေးနွေးပွဲများ ဆွေးနွေးနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအာဏာရယူလိုပါက တရားဝင်နိုင်ငံရေးပါတီထောင်ပြီး ရွေးကောက်ပွဲဝင်ရမည်ဖြစ်သည်၊ စီးပွားရေးလုပ်ချင်လျှင် ကုမ္ပဏီထောင်ရမည်ဖြစ်သည်၊ နိုင်ငံတော်ကိုကာကွယ်မည့်စစ်မှုထမ်းလုပ်ချင်ပါက နိုင်ငံတော်၏တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် တပ်မတော်သို့ ဝင်ရောက်ကြရမည်ဖြစ်သည်။ ဤသည်မှာနည်းမှန်လမ်းမှန်ဖြစ်သည်။ ဤသည်ကိုမျက်ကွယ်ပြုကာ တစ်ဖက်ကငြိမ်းချမ်းရေးကို အကြောင်းပြလျက် လက်နက်စွဲကိုင်လျက် နိုင်ငံရေးတည်ဆောက်နေခြင်းမျိုး၊ လက်နက်အင်အား၊ လူအင်အား တည်ဆောက်နေခြင်းမျိုး၊ နယ်မြေတည်ဆောက်နေခြင်းမျိုး၊ တိုင်းရင်းသားအချင်းချင်းအနိုင်ကျင့်ကာ ပြည်သူများလိုလားသည့် ဒီမိုကရေစီကို ဆန့်ကျင်ခြင်း၊ ဖက်ဒရယ်ပြည်ထောင်စုကိုဆန့်ကျင်ခြင်း၊ လက်နက်ကိုင်ပြီး သူတစ်လူငါတစ်မင်း၊ နယ်တစ်နယ်ခေါင်းတစ်စင်းစနစ်ကိုတည်ထောင်နေခြင်းတို့မှာ ပြည်သူ့ဆန္ဒကိုဆန့်ကျင်နေခြင်းဖြစ်သည်။ ထို့ကြောင့် လက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင်ပါဝင်ဆွေးနွေးခြင်းဖြင့် မိမိတို့လိုလားချက်များကိုတင်ပြကြရမည်ဖြစ်သည်။

ထိုသို့ဆွေးနွေးတင်ပြနိုင်ရန်အတွက် ငြိမ်းချမ်းရေးဖိုရမ်– Peace Forum 2025 "ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲ နှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" သုံးသပ်ဆွေးနွေးပွဲကို ဇွန်လ ၂၅ ရက်မှ ၂၇ ရက်အထိ နေပြည်တော်တွင်ကျင်းပခဲ့သည်။ အဆိုပါငြိမ်းချမ်းရေးဖိုရမ်ကို ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို မြှင့်တင်နိုင်ရန်၊ ယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုများတည်ဆောက်ရန်၊ လူသားချင်းစာနာမှု အကူအညီများနှင့် လူမှုစီးပွားဘဝစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်နိုင်ရန်တို့အတွက် စုပေါင်းအဖြေရှာဖော်ထုတ်ရန်ကျင်းပခြင်းဖြစ်သည်။




အဆိုပါဆွေးနွေးပွဲတွင် မိမိတို့၏ဆန္ဒ၊ အကျိုးစီးပွားထက် ပြည်ထောင်စုတိုင်းရင်းသားပြည်သူများ အားလုံး၏ အကျိုးစီးပွားကိုရှေးရှု၍ စိတ်ရင်းစေတနာမှန်ကန်စွာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြသည်ကိုတွေ့မြင်ရသည်၊ ငြိမ်းချမ်းရေးဖိုရမ်တွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ရုရှားနိုင်ငံတို့မှ ဧည့်သည်တော်ပညာရှင်များပါဝင်ဆွေးနွေးကြသည်။ ငြိမ်းချမ်းရေးဖိုရမ်– Peace Forum 2025 ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်မှတာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှ ဧည့်သည်တော်များ၊ နိုင်ငံခြားသံရုံးအသီးသီးမှ သံတမန်များ၊ ဖိုရမ်မှာပါဝင်ဆွေးနွေးကြမည့်ပြည်တွင်းပြည်ပ ပညာရှင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းအသီးသီးမှကိုယ်စားလှယ်များ တက်ရောက်ကြသည်။ နိုင်ငံတကာက ပညာရှင်ကြီးများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များကိုယ်တိုင် ပါဝင်တက်ရောက် ဆွေးနွေးသည့်ပွဲဖြစ်၍ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုကဏ္ဍတွင် ထူးခြားသည့်သမိုင်းမှတ်တိုင်အဖြစ် မော်ကွန်းတင်နေမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းလက်နက်ကိုင်ပြဿနာကလည်း ဒွန်တွဲပါလာခဲ့သည်ကို ထင်ရှားစွာမြင်ကြပြီးဖြစ်သည်။ ခေတ်အဆက်ဆက်အစိုးရများက တတ်နိုင်သမျှ သူ့နည်းသူ့ဟန်ဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ကြသည်၊ လွတ်လပ်ရေးရပြီးချိန်တွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်။ ထို့နောက် နိုင်ငံတော်၏ သမိုင်းကြောင်းအခြေအနေများအရ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်တာဝန်များကိုရယူခဲ့ရသည်။ ထို့နောက်ဆိုရှယ်လစ်စနစ်ကို ၁၉၈၈ ခုနှစ်အထိ ကျင့်သုံးခဲ့သည်၊ ပြည်သူများက ပါတီစုံဒီမိုကရေစီစနစ်ကူးပြောင်းရန်တောင်းဆိုချက်အရ ၁၉၈၈ ခုနှစ်တွင် တပ်မတော်က ဒီမိုကရေစီကူးပြောင်းရေးကို တစ်ဆင့်ပြီးတစ်ဆင့် အသားကျအောင်လုပ်ဆောင်ခဲ့သည်၊ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်တို့ကို ဖြည်းဖြည်းချင်းပြောင်းလဲခဲ့ပြီး ပါတီစုံဒီမိုကရေစီစနစ်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင်ဖက်ဒရယ်အခွင့်အရေးနှင့်ပတ်သက်၍ ဖက်ဒရယ်အခွင့်အရေးများပေးထားသည်ကို လေ့လာတွေ့ရှိနိုင်သည်။ တိုင်းရင်းသားအခွင့်အရေးများ၊ နိုင်ငံရေးအရတောင်းဆိုမှုများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြင်ဆင်ရန်လိုအပ်သည်များကို နိုင်ငံတော်အစိုးရအနေဖြင့်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြင်ဆင်ပေးမည်ဖြစ်သည်။ တပ်မတော်အနေဖြင့်ပြည်သူများ၏ဆန္ဒနှင့်အညီ အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့သမိုင်းတစ်လျှောက်တွင် တပ်မတော်သည်ပြည်သူလူထု၏ အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားကာ ဆောင်ရွက်ပေးခဲ့သည်ချည်းဖြစ်သည်။ ပြည်သူများလိုလားသည့်စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ၂၀၁၁ ခုနှစ်တွင် တည်တည်ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်းနှင့် အောင်မြင်စွာကူးပြောင်းပေးနိုင်ခဲ့သည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် တပ်မတော်အနေဖြင့် ဒီမိုကရေစီစနစ်ကို ယခင်ကတည်းက အလေးထားဖော်ဆောင်ပေးခဲ့ခြင်းဖြစ်သည်ကို ထင်ရှားစွာသိမြင်နိုင်သည်။

တပ်မတော်အနေဖြင့် ၂၀၁၅ ခုနှစ် NCA စာချုပ်ကြီးပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကို ချမှတ်ပြီး ယနေ့တိုင် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ငြိမ်းချမ်းရေးမူဝါဒများမှာ NCA စာချုပ်၏ အနှစ်သာရဖြစ်ပြီး ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုများမှ ရရှိလာသည့် **"အသိတရား"** ဖြစ်သည်။ လက်ရှိ ငြိမ်းချမ်းရေးတည်ဆောက်မှုခိုင်မြဲစေရန်အတွက် လိုက်နာလုပ်ဆောင်ရမည့် **"အရှိတရား"** များလည်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့်ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးကို ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိသည်၊ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူလူထုကရွေးချယ်သည့်အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာနှင့်ရပိုင်ခွင့်များကိုမျှဝေခံစားစေခြင်းဖြစ်သည်၊ တစ်နည်းအားဖြင့် ဖက်ဒရယ်ဆိုသည်မှာ မတူကွဲပြားသည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ လူမျိုးများနှင့်လူမျိုးစုများ စုစည်းလုပ်ကိုင်ရာကနေ လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့်သဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်းနှင့် မျှဝေခံစားခြင်းတို့ဖြစ်သည်။ ထို့ကြောင့် မတူကွဲပြားသည့် ကိုယ်စားပြုမှုများရှိပြီး ပါတီများ၊ တိုင်းရင်းသားလူမျိုးစုများကိုကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်ရန်အတွက် ယခုနှစ်အကုန်ပိုင်းမှာကျင်းပမည့်ရွေးကောက်ပွဲတွင် လက်ရှိကျင့်သုံးနေသည့်မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP)အပြင် အချိုးကျကိုယ်စားပြုစနစ် (PR)စနစ်ကိုလည်း ပေါင်းစပ်ကျင့်သုံးသွားမည်ဖြစ်သည်။

ရွေးကောက်ပွဲ ကျင်းပနိုင်ရေးမှာ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့်ငြိမ်းချမ်းရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေပေါ်တွင် အများကြီးမူတည်သည်။ ရွေးကောက်ပွဲကျင်းပပြီးပါက ဥပဒေနှင့်အညီ လွှတ်တော်အသီးသီးပေါ်ပေါက်လာမည်။ လွှတ်တော်ပေါ်ပေါက်လာပြီး ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းကြရမည်။ ထိုအချိန်အခါမျိုးတွင် လက်နက်စွဲကိုင်ပြီး မိမိတို့လိုချင်သည်ကို တောင်းဆိုခြင်းမျိုး၊ လက်နက်ကိုင်လမ်းစဉ်ကို ဖက်တွယ်ပြီး လူမျိုးစွဲ၊ ဒေသစွဲကြီးမားစွာဖြင့် မိမိတို့၏ဆန္ဒကိုသာ ဦးစားပေးလုပ်ဆောင်ဖန်တီးနေခြင်းမျိုးများမှာ **စာမျက်နှာ ၈ သို့** ●

**● စာမျက်နှာ ၇ မှအဆက်**

ဒီမိုကရေစီနှင့်ဆန့်ကျင်သွေဖည်နေသည်။ မိမိတို့၏လိုလားချက်များကို လွှတ်တော်အသီးသီးမှာ ဆွေးနွေးဆုံးဖြတ်အတည်ပြုဆောင်ရွက်ကြရမည်သာဖြစ်သည်။

ဒီမိုကရေစီဖော်ဆောင်ကျင့်သုံးရာတွင် နိုင်ငံ၏သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် ဖော်ဆောင်သွားကြရမည်သာဖြစ်သည်။ ထိုသို့ဖော်ဆောင်ရာတွင် နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးစီးပွားကိုရှေ့တန်းတင်ပြီး အားလုံးစုဖွဲ့လုပ်ကိုင်ဆောင်ရွက်သွားကြမည်ဆိုပါက ထိရောက်အောင်မြင်မှာဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ဆန္ဒအစစ်အမှန်မှာ တိုင်းရင်းသားပြည်သူအားလုံးအတွက်ညီညွတ်မျှတသည့် လူမှုစီးပွားဘဝလုံခြုံရေးနှင့် အာမခံချက်ရရှိရေးတို့သာ အဓိကဖြစ်သည်။ အေးချမ်းစွာနေထိုင်ပြီး ကောင်းမွန်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းဖြင့် မိမိတို့ဘဝတိုးတက်မှုကိုရရှိမှာဖြစ်သည်။ ထိုသို့အခြေအနေမျိုးသို့ရောက်ရှိရန်မှာ မျက်နှာချင်းဆိုင်တွေ့ဆုံပြီး ရိုးသားပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြရန်ဖြစ်သည်။

**“ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်းကို အဓိကကိုင်စွဲပြီး လျှောက်လှမ်းလျက်ရှိပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာလည်း ပြည်ပစွက်ဖက်မှုမရှိဖို့လိုသလို ပြည်တွင်းက အဖျက်အမှောင့်ပယောဂတွေကင်းကင်းရှင်းရှင်းနဲ့ လုပ်ဆောင်နိုင်ဖို့လည်း လိုပါတယ်။ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး နိုင်ငံရေးနည်းလမ်းအရတွေ့ဆုံဆွေးနွေး အဖြေရှာနိုင်မှသာ စစ်မှန်ပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရရှိအောင်မြင်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့အပြည့်အဝယုံကြည်ထားပါတယ်”** ဟူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇွန်လ ၂၅ ရက်က ကျင်းပသည့် ငြိမ်းချမ်းရေးဖိုရမ်တွင် အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီစတင်တာဝန်ယူပြီး အရင်ဆုံး ဦးစားပေးဆောင်ရွက်ခဲ့သည်မှာ ထာဝရငြိမ်းချမ်းရေးပင်ဖြစ်သည်။ ငြိမ်းချမ်းရေးအားကြိုးမာန်တက်ဆောင်ရွက်ရန် ကော်မတီများဖွဲ့စည်းခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစပြီးလက်ရှိအချိန်ထိ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးကို အမြဲတမ်းလမ်းဖွင့်ထားပြီး ကြိုတင်သတ်မှတ်ချက်မရှိသည့်ဆွေးနွေးပွဲများကို ဖိတ်ခေါ်ကမ်းလှမ်းမှုများ၊ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် မိမိတို့၏ဆန္ဒနှင့် မိမိတို့အဖွဲ့အစည်းအကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုနှင့်တိုင်းရင်းသားပြည်သူများအားလုံး၏ အကျိုးစီးပွားကို စိတ်ရင်းစေတနာမှန်နှင့် ရှုမြင်သုံးသပ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးကို လိုက်ပါလုပ်ဆောင်ကြရန်ဖြစ်သည်။

နိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းသည့်အခါမှာ တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများရှိနိုင်သည်။ သို့သော်လည်း ကိုယ်စီလိုလားချက်များကို လက်နက်ကိုင်သည့်လမ်းစဉ်ဖြင့် တောင်းဆိုနေကြခြင်းမှာ မှားယွင်းသည့်လုပ်ရပ်သာဖြစ်သည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းကြမှသာ အမှန်ကန်ဆုံးဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏လိုလားချက်များကို နိုင်ငံရေးနည်းလမ်းနှင့် စေ့စပ်ညှိနှိုင်းအဖြေရှာနိုင်ဖို့အတွက်အားပေးဆောင်ရွက်သွားကြရမည်သာဖြစ်သည်။ သို့မှသာ တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်ညီလက်ညီနှင့် ရည်မှန်းထားသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်မည်ဖြစ်သည်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရန်မှာ ပြည်တွင်းပဋိပက္ခချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးသာဖြစ်သည်။ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်မှာဖြစ်ပေါ်ခဲ့ရသည့်ဆုံးရှုံးနစ်နာမှုများကိုထောက်ရှုပြီး ထာဝရငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်ကြရန်လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၊ အကြမ်းဖက် PDF အဖွဲ့အနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကိုစွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းနှင့်ရွေးကောက်ပွဲလမ်းကြောင်းများမှတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက်လည်း နိုင်ငံတော်အစိုးရက အကြိမ်ကြိမ်ဖိတ်ခေါ်ကမ်းလှမ်းထားပြီးဖြစ်သည်။ ငြိမ်းချမ်းရေးဆိုသည်မှာ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် ရရှိပေါက်ဖွားလာသည့်ရလဒ်ကောင်းများနှင့်ဖော်ဆောင်ကြရမှာသာဖြစ်သည်။ တွေ့ဆုံဆွေးနွေးနိုင်ဖို့ ငြိမ်းချမ်းရေးတံခါးကို နိုင်ငံတော်အနေဖြင့် အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိသည်။ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးက မိမိတို့၏လိုလားချက်များနှင့်ဖြစ်သင့်ဖြစ်ထိုက်သည်များကို နိုင်ငံရေးနည်းလမ်းနှင့် စေ့စပ်ညှိနှိုင်းအဖြေရှာကာ ပြည်သူတို့နှလုံးစိတ်ဝမ်းအေးချမ်းစေမည့်ငြိမ်းချမ်းရေးကို ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## မြတ်နိုးဖွယ်ရာမြန်မာကဗျာ

# ပြည်ထောင်စု၏ပန်းဥယျာဉ်

❖ အရှေ့ဆီက၊ ရောက်လာကြလည်း
လာပဲ့ါရင်သွေး၊ ပန်းကလေးဟု
နွေးထွေးဝမ်းသာ၊ ကြိုလင့်ပါသည်
မေတ္တာနန်းက ပန်းရိပ်မြုံ။

❖ အနောက်ဆီက၊ ရောက်လာကြလည်း
လာပဲ့ါကိုယ်ပွား၊ သမီးသားဟု
အားရပျူငှာ၊ ကြည်ဖြူပါသည်
သစ္စာနန်းက ပန်းရိပ်မြုံ။

❖ တောင်နှင့်မြောက်က၊ ရောက်လာကြလည်း
လာပဲ့ါ ထာဝစဉ်၊ ကြိုမြဲပင်တည့်
ရွှေစင်မျက်ရှု၊ သားရွှေဥနှယ်
ကရုဏာလွှမ်းသည့် ပန်းရိပ်မြုံ။

❖ ဩော်...
မြန်မာ့မြေဖွား၊ သမီးသားတို့
အားထားလာ၍၊ စုံညီတွေ့သော်
အရှေ့အနောက်၊ တောင်နှင့်မြောက်တည့်
ထက် အောက် ညာ ကြေ
ထွေထွေရပ်ပြား၊ မခွဲခြားဘဲ
ပိုက်ဖြား ကြင်နာ၊ ယုယရှာသည်
“မေတ္တာရေကြည်
သစ္စာနေခြည်
ကရုဏာလေပြည်”၊ ပတ်ဝန်းတည်သည့်
ဤပန်းရိပ်ညို၊ မိခင်ပျိုကား
မအိုဘဲလျှင်၊ အလှဆင်၏
သစ်လွင် ထာဝရ၊ ငြိမ်းချမ်းလှလျက်
လရောင် နေရောင်၊ ပမာဆောင်သည်
ပြည်ထောင်စု၏ ပန်းဥယျာဉ်။
ပွင့်သောပန်းတိုင်း မွှေးလျက်ပင်။ ။

**မြင်းမူမောင်နိုင်မိုး**

# ပခုက္ကူမြို့နယ်၌စိုက်ပျိုးထားသော ငှက်ပျောပင်များအောင်မြင်ဖြစ်ထွန်း

**ပခုက္ကူ ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စိုက်ပျိုးထားသော ငှက်ပျောပင်များအောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။



“ငှက်ပျောပင်စိုက်ပျိုးပြီး ရှစ်လခန့်အကြာတွင် အသီးများစတင်ခုတ်ယူနိုင်ကြောင်း၊ ငှက်ပျောပင်များမှာ အသီးအမည့်စားသုံးနိုင်သည့်အပြင် မုန့်ဟင်းခါးချက်ပြုတ်ရာတွင်လည်း အသုံးပြုလေ့ရှိကြသောကြောင့် အောင်မြင်ဖြစ်ထွန်းသည့် ငှက်ပျောခင်းတစ်ကေလျှင် ငွေကျပ်များစွာ အကျိုးအမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပခုက္ကူမြို့ အမှတ်(၁)စည်ပင်သာယာမြို့မဈေးကြီး၊အမှတ်(၂)ဈေးနှင့် မြစ်ခြေ၊ ကမ္ဘမြို့များသို့ တင်ပို့ရောင်းချရကြောင်း” ကျွန်းဦးကျေးရွာမှ ငှက်ပျောစိုက်တောင်သူတစ်ဦးက ပြောသည်။

ပခုက္ကူမြို့နယ်အတွင်းရှိ ကုက္ကိုလ်လှ၊ ရွာသစ်ကုန်း၊ သဘော်ာကုန်း၊ ကျွန်းဦး၊ ကျွန်းညိုကြီးကျေးရွာတို့၌ ရခိုင်ငှက်ပျော၊ သီးမွှေးငှက်ပျောနှင့်ဖီးကြမ်းငှက်ပျောပင်များကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပြီး တစ်ကေလျှင် အပင်ရေ ၁၃၀၀ အထိ စိုက်ပျိုးကြကြောင်း၊ တချို့တောင်သူများမှာ မိမိတို့နေထိုင်ရာ အိမ်ခြေခံမြေဘေးပတ်လည်နှင့် နောက်ဖေးတို့တွင် တစ်နိုင်တစ်ပိုင်အဖြစ် ငှက်ပျောပင် ၂၀ မှ ၅၀ အကြား စိုက်ပျိုးကြကြောင်းသိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# လဲချားမြို့ နောင်ခမ်းရေကန်သာ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



လဲချား ဇွန် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်၌ သန့်ရှင်းသာယာလှပသော မြို့ရွာများဖြစ်ပေါ်စေရေး၊ အများပြည်သူများ စိတ်အေးချမ်းစွာ အနားယူအပန်းဖြေနိုင်ရေး၊ ခေတ်မီဖွံ့ဖြိုးပြီး သာယာလှပကာ ကျန်းမာရေးနှင့်ညီညွတ်သော CLEAN CITY၊ GREEN CITY များ ပေါ်ထွန်းလာစေရေး၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပမှု ရှိစေရေး၊ လေကောင်းလေသန့်ရရှိစေရေး အတွက် ဇွန်လ ၂၈ ရက် နံနက်ပိုင်းတွင် လဲချားမြို့ နောင်ခမ်းရေကန်သာ၌ သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဒေသခံပြည်သူများစုပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ကန်ပေါင်တစ်လျှောက် သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြပြီး နောင်ခမ်းရေကန်သာပတ်လည်တွင် အလှအုန်းပင်များ၊ အရိပ်ရပင်များစိုက်ပျိုးကြသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ (၄၁၄)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အောက်ဆီဂျင်(သို့)အသက်ရှည်ဆေး

➲ သီးနှံစုံ စိုက်ပျိုးကြ
မိုးဦးကျ ရာသီမှာ။
မီးဖိုချောင် အသုံးစရိတ်
မဖိတ်စဉ်ရာ။
အိမ်နောက်ဖေး ဈေးဆိုင်တည်ပါ
ငယ်စဉ်ခါ ကြားဖူးသား။
ရှေးလူတွေ လမ်းညွှန်ပြတဲ့
ဆိုးမစကား။

➲ ဘူး ဖရုံ နံနံ ခဝဲ
ဖရဲနှင့် ကျောက်ဖရုံ။
ခရမ်းချဉ် ငရုတ်အမျိုးမျိုး
စိုက်ပျိုးကြကုန်။
ပင်စိမ်းနှင့် သပွတ်အုံ
ကင်ပွန်းရုံ စိုက်ရလွယ်ဆုံး။
ဆေးမကူ သဘာဝသီးမို့
အိမ်ကြီးရှင်ပြုံး။

➲ ဟင်းနုနယ် ကန်စွန်းခင်း
မုန်ညင်းနှင့် ရွက်ကိုက်လန်။
ပူဒီနာ တစောင်းခါး
စိုက်ထားသင့်ပြန်။
ဆူးပုပ်ကြီး ချဉ်ပေါင်ခြံ
ဟင်းအရန် ဖူလုံရေး။
မုန်ညင်းဖြူ ဂေါ်ဖီပန်းပွင့်
စိုက်သင့်ကြသေး။

➲ မာလကာ သဘော်သ သရက်
နှစ်မပျက် စိုက်ပါလေ။
ပိန္နဲပင် တမာ မန်ကျည်း
ရိပ်ကြီးရပေ။
သစ်ဝါးရိပ် အေးမြစေ
အသက်ရှည်စေ နည်းလမ်းကောင်း။
အောက်ဆီဂျင်ထုတ်ပေးသည့်နတ်ကွန်းမို့
(သီးနှံပင် စိုက်ပျိုးကြပါလို့)
တိုက်တွန်းပါကြောင်း။ ။

**ရွှေညာသူ(စက်မှု)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၉-၆-၂၀၂၅(တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ | ၃။ ၁၃:၃၀ | Music Crazy |
| | | ၄။ ၁၄:၅၅ | Sporty Zone |
| ၂။ ၁၀:၄၀ | နိပါတ်တော်လာ သိမှတ်စရာ | ၅။ ၁၈:၂၀ | Relaxing Moment |
| | | ၆။ ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်လတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၁၀၀၀ ကျော်တင်ပို့နိုင်



ရန်ကုန် ဇွန် ၂၈

ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်လတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၁၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

"၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်ကနေ မေလ ၃၁ ရက်အထိ နှစ်လတာကာလအတွင်း ပြည်ပကို ပုစွန်မက်ထရစ်တန် ၁၂၇၃ ဒသမ ၉၃၃ တန် တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၆၆ သန်းရရှိခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၃၁ ရက်အထိ နှစ်လတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၁၁၁၅ ဒသမ ၉၅၃ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၁၂ သန်းရရှိခဲ့ကာ နယ်စပ်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၁၅၇ ဒသမ ၉၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၈၅၄ သန်းရရှိသည့်အတွက် ပြည်ပသို့ စုစုပေါင်း ပုစွန်မက်ထရစ်တန် ၁၂၇၃ ဒသမ ၉၃၃ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၆၆ သန်းရရှိခဲ့ကြောင်း သိရသည်။

ပြည်တွင်းမှ ပုစွန်အပါအဝင် ငါးစသည့်ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျပန်နိုင်ငံ စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်မှုမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။

**စောယု**

# မြိတ်မြို့၌ စက်လှေကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု(မွမ်းမံ)သင်တန်း အမှတ်စဉ် (၅/ ၂၀၂၅)

## သင်တန်းဆင်းပွဲကျင်းပ



မြိတ် ဇွန် ၂၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့၌ စက်လှေကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု (မွမ်းမံ) သင်တန်း အမှတ်စဉ် (၅/၂၀၂၅) သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန်လ ၂၇ ရက်က မြိတ်ခရိုင်မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။


ရှေးဦးစွာ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူးကိုယ်စား ဒုတိယဦးစီးမှူး ဦးအောင်စိုးမောင်က မီးသတ်တပ်ဖွဲ့ဝင်များ စက်လှေများမောင်းနှင်ရာတွင် ရေယာဉ်ပဲ့ထိန်းမှုစနစ်သဘောတရားများကို နားလည်သိရှိပြီး ရေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရေပြင်မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် စက်လှေများကို ကျွမ်းကျင်စွာမောင်းနှင်တတ်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန်လ ၁၆ ရက်မှ ၂၇ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သန္နေမီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦးတက်ရောက်ကာ သင်တန်းတွင် မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေ၊ ရေယာဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ၊ ရေယာဉ်ပါပစ္စည်းကိရိယာများ၊ တစ်ဦးချင်း ရေယာဉ်လက်တွေ့မောင်းနှင်ခြင်း စသည့်ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယဦးစီးမှူး ဦးအောင်စိုးမောင်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ စုစုပေါင်း ၄၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ပေါက်ခေါင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော



ပေါက်ခေါင်း ဇွန် ၂၈

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန်လ ၂၇ ရက်က အခြေခံပညာအထက်တန်းကျောင်း (အိုးဘိုကုန်း) ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ပေါက်ခေါင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးကိုကိုနိုင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ဓမ္မသော်တိုက်နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးမင်းဇော်က သဘာဝဘေးအန္တရာယ်မဖြစ်ပွားမီ ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို ရှင်းလင်းဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲမင်းသန်းက သဘာဝဘေးဖြစ်ပေါ်ပါက လုပ်ဆောင်ရမည့်အချက်များနှင့် သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့ပူးပေါင်းပြီး သဘာဝဘေးသရုပ်ပြခြင်းများကို ဆောင်ရွက်ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုနှင့် တောတောင်ရေမြေတို့၏ သဘာဝအလှဓာတ်ပုံများကို ပြည်ပနိုင်ငံများက အထူးစိတ်ဝင်စားလာ

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံဓာတ်ပုံအသင်းသည် နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲနှင့်ပြပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ပြသလျက်ရှိရာ ပြည်ပနိုင်ငံများအနေဖြင့် နည်းပညာဖန်တီးမှုဖြင့် ရိုက်ကူးသောဓာတ်ပုံများထက် ရိုးရာယဉ်ကျေးမှုနှင့် တောတောင်ရေမြေတို့၏ သဘာဝအလှဓာတ်ပုံများကို အထူးစိတ်ဝင်စားလာကြကြောင်း သိရသည်။

"လာမယ့်အောက်တိုဘာလမှာ တရုတ်နိုင်ငံမှာကျင်းပမယ့် ယဉ်ကျေးမှုဆိုင်ရာဓာတ်ပုံပြပွဲကို မြန်မာနိုင်ငံဓာတ်ပုံအသင်းက သွားရောက်ယှဉ်ပြိုင်ဖို့ရှိပါတယ်။ ကမ္ဘာ့နိုင်ငံတွေက နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုနဲ့ ဓာတ်ပုံရိုက်ကူးတာထက် နိုင်ငံတစ်နိုင်ငံရဲ့ယဉ်ကျေးမှုကို ထုတ်ဖော်ပြသထားတဲ့ ဓာတ်ပုံတွေကို ဆုပေးလေ့ရှိပါတယ်။ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရဲ့ စေတီပုထိုးအလှနဲ့ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ပုံတွေကို အထူးစိတ်ဝင်စားကြပါတယ်။ မြန်မာနိုင်ငံဓာတ်ပုံအသင်းအနေနဲ့ မြန်မာနိုင်ငံရဲ့ သဘာဝရှုခင်းအလှ၊ ရှေးဟောင်းယဉ်ကျေးမှုနဲ့ရိုးရာဓလေ့ကို ကမ္ဘာကသိစေဖို့ အမြဲကြိုးပမ်းနေပါတယ်" ဟု မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးသန်းထွန်းဦးကပြောသည်။

မြန်မာနိုင်ငံဓာတ်ပုံအသင်းသည် နိုင်ငံပေါင်း ၁၀၀ ကျော်ပါဝင်သော FIAP(The International Federation of Photo-graphic Art) အသင်းဝင်ဖြစ်၍ ၂၀၁၈ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် 1st Myanmar International Photography Salon ပွဲကို FIAP တွင် ကျင်းပနိုင်ခဲ့သည်။

မြန်မာနိုင်ငံဓာတ်ပုံအသင်းသည် ၁၉၅၀ ပြည့်နှစ် နိုဝင်ဘာလ ၂၁ ရက်တွင် Ran-goon Photographic Society အမည်ဖြင့် စတင်တည်ထောင်ခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် မြန်မာနိုင်ငံဓာတ်ပုံအသင်းဟု အမည်ပြောင်းကာ ၁၉၆၃ ခုနှစ် တွင် ရန်ကုန်မြို့ (၃၅) လမ်း အောက်ဘလောက်၌ အသင်းရုံး ဖွင့်လှစ်ခဲ့သည်။ နှစ် (၅၀) ပြည့် ရွှေရတုအခမ်းအနားကိုလည်း ကျင်းပခဲ့ပြီး (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အဖြစ် (၅၈) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံအနုပညာပြပွဲကို ရန်ကုန်မြို့ရှိ Sule Square ၌ ယခုနှစ်မတ်လအတွင်း ကျင်းပခဲ့ကာ ဓာတ်ပုံရိုက်ကူးမှုနှင့် အတွေ့အကြုံများကို မျှဝေခဲ့ကြောင်း သိရသည်။

**ဥသသ**

နိပါတ်တော်လာသိမှတ်စရာ

## လောကကို အလှဆင်ခြင်း (မဟာကဏှဇာတ်)

သုတကြွယ်

ဗုဒ္ဓ ကိုယ်တော်မြတ်၏ သတ္တလောကအကျိုးငှာ ကျင့်တော်မူခြင်းကိုအကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူလေသည်။

ဗာရာဏသီပြည်၌ မင်းပြုသော ဥသီနကမင်းလက်ထက် ကဿပမြတ်စွာဘုရားရှင်သာသနာတော်ဆုတ်ယုတ်ချိန်တွင် ရဟန်းများသည် မိမိတို့၏ကျင့်ဝတ်များကိုမကျင့်ဆောင်ဘဲ ရှိနေကြ၏။ ပုဏ္ဏားများသည်လည်း ဖောက်ပြန်ကြကုန်၏။ လူအများစုသည် အကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့၌သာပျော်မွေ့ကြသဖြင့် အပါယ်ဘုံများ၌ စည်ကားလာ၏။ နတ်ဘုံနတ်နန်းများသည် ဆိတ်သုဉ်းလာ၏။

ဘုရားလောင်းသိကြားမင်းသည် မာတလိနတ်သားကိုခေါ်၍ အာဇာနည်ဆင်ပမာဏမျှရှိသောခွေးနက်ကြီးကိုဖန်ဆင်းစေလျက် မိမိသည်ကား ဖန်ရည်ဆိုးသောအဝတ်ကိုဝတ်သည့် မုဆိုးကြီးအဖြစ်ဖန်ဆင်းကာ "လောကသည် ပျက်လတ္တံ့၊ လောကသည် ပျက်လတ္တံ့" ဟု သုံးကြိမ်တိုင်တိုင် ကြွေးကြော်လျက် ဗာရာဏသီမြို့အနီးသို့ ချဉ်းကပ်လာ၏။

လူအများသည် ကြောက်ရွံ့ခြင်းကြီးစွာဖြစ်၍ မင်းရင်ပြင်သို့ပြေးဝင်ကြ၏။ ခွေးနက်ကြီးကို အကြောက်လွန်နေပြီဖြစ်သော ဥသီနကမင်းသည် ပြာသာဒ်ပေါ်သို့ တက်ပြေးလေ၏။ ထိုအခါ ခွေးနက်ကြီးသည် လေသွန်ပြတင်းပေါက်မှ အတွင်းဘက်သို့ ကြည့်ကာ ပြင်းစွာဟောင်၏။

မင်းကြီးသည် ကြောက်စိတ်ကိုထိန်း၍ "မုဆိုးသင့်ခွေးသည် အဘယ့်ကြောင့် ဟောင်နေရသနည်း" ဟုမေးရာ မုဆိုးက "ရန်သူတို့၏အသားများကို စားလို၍ ဟောင်နေရခြင်းဖြစ်ပါသည်" ဟု အဖြေပေး၏။

"ရန်သူသည် မည်သူနည်း" ဟု မင်းကြီးက ဆက်၍မေးသော် အကျင့်ပျက်ဒုဿီလတိုင်းသည် သူ၏ရန်သူများပင်ဖြစ်ကြောင်း ဖြေဆိုရာ အခြေအနေအရပ်ရပ်ကို မျက်မြင်တွေ့ကြုံနေရသောမင်းကြီးမှာ များစွာစိုးရိမ်ပူပန်ခြင်းသို့ ရောက်ရလေ၏။ ထိုသောအခါမှ မုဆိုးကြီးသည် မိမိ၏ သိကြားမင်းအဖြစ်ကို ထင်ရှားစွာပြဆို၍ တရားဟော၏။

ယင်းနောက် လူအများသည် ဒါန၊ သီလ၊ ဘာဝနာအစရှိသော ကောင်းမှုကုသိုလ်တရားများကို ပြန်လည်အားထုတ်ကြသဖြင့် သေလွန်သောအခါ နတ်ပြည်သို့ ရောက်ကြကုန်၏။ သာသနာတော်သည်လည်း အနှစ်တစ်ထောင် ဆက်လက်၍ တည်တံ့ခိုင်မြဲလေ၏။

ဇာတ်ပေါင်းသော် မာတလိနတ်သားသည် အရှင်အာနန္ဒာ၊ သိကြားမင်းသည် ဗုဒ္ဓဖြစ်လေ၏။ နိပါတ်တော်လာ သိမှတ်စရာအနေဖြင့် လူတို့တရားပျက်လျှင် လောကလည်းပျက်စီးမည်သာ။ သို့ဖြစ်ရကား လောကကိုစောင့်ရှောက်နိုင်သည့်လောကပါလတရားများကို လူတို့က တစ်ဖန်ပြန်လည်၍ မြတ်မြတ်နိုးနိုး လိုက်နာကျင့်သုံးမှသာလျှင် အဆိုးတရားတို့၏ နှောင်ဖွဲ့မှုမှလွတ်ကင်းသည့် ချမ်းမြေ့သာယာသော လူ့အဖွဲ့အစည်းအဖြစ်သို့ ရောက်ရှိနိုင်မည်ဖြစ်ပေသည်။ ဤသည်မှာ လောကကို အလှဆင်ခြင်းမည်ပေသည်။ ။



## ရယ်စေပြုံးစေ



### ဆိုင်းဆိုမှ ဆိုင်း

မနှစ်က ရွာအလှူမှာတီးသွားတဲ့ဆိုင်း။ "ကျားပျံ"တဲ့။ ကျုပ်တို့ရွာကတော့ "ကြားပြန်"လို့ပဲ နာမည်ပေးလိုက်တယ်။ ဆိုင်းသံကြားတာနဲ့တင် ပရိသတ်က စိတ်ပျက်ပြီး ထပြန်ကြလို့လေ။ ဟော. . . အဲ့ဒီဆိုင်းပါပဲ၊ သည်နှစ် နာမည်ပြောင်းပြီး ထပ်ရောက်လာတယ်။ "ဆင်ပျံ"တဲ့။ ဟုတ်သား၊ ဆိုင်းဝိုင်းစပြီးဆင်လိုက်တာနဲ့ ပရိသတ်က မနှစ်ကဆိုင်းမှန်း မှတ်မိသွားပြီး ထပြန်ကုန်ကြတာကိုး။

"ဆိုင်းက အဲ့ဒီလောက်တောင် ညံ့သလားဗျာ"

"အောင်မလေးကွာ၊ ပတ်လုံးသံကသာ အပျိုကြီး တို့ဖတ်ရိုက်သလောက် မမြည်တာ၊ ဝိုင်းဆရာက လူကောင်သေးရတဲ့အထဲ ပခုံးလေးကျုံ့ကျုံ့ပြီး ဆိုက်ဂိုက်အပြည့်နဲ့တီးနေတာများ ရေတွင်းထဲ ပြုတ်ကျနေတဲ့ ခွေးပေါက်စလေး ရေကူးနေတဲ့အတိုင်းပဲဟေ့"

ဖိုးစလုံး

## မြန်မာ့ရိုးရာ စကားထာ

## စကားထာဝှက်တာ ပျော်စရာ

ငယ်ငယ်တုန်းက ငယ်ဆရာကြီး ဦးသာအေး စာသင်ပေးတာတွေကို သတိရလာတယ်။ နေ့လယ်နေ့ခင်းရောက်ရင် ဆရာကြီးဦးသာအေးက အခန်းထဲမှာ စာမသင်ပါဘူး။ စာသင်တဲ့အခန်းကကျဉ်းတော့ ပူအိုက်နေတယ်။ အရိပ်ကောင်းတဲ့ ညောင်ပင်ကြီးအောက်ကိုခေါ်လာပြီး စာသင်ပေးတာပါ။

တစ်နေ့နေ့လယ်ခင်းမှာတော့ ညောင်ပင်ကြီးအောက်မှာရောက်နေကြတဲ့ ကျွန်တော်တို့ကို ပတ်ဝန်းကျင်လေ့လာရေးဘာသာသင်ပေးပါတယ်။ အဲဒီကာလတုန်းက မူလတန်းအောက်ဆင့်ဖြစ်တဲ့ ဒုတိယတန်းအထိ ပတ်ဝန်းကျင်လေ့လာရေးဘာသာကို သင်ယူကြရပါတယ်။ ပတ်ဝန်းကျင်လေ့လာရေးဘာသာရပ်လို့အမည်ပေးထားတဲ့အတိုင်းပါပဲ။ ပတ်ဝန်းကျင်မှာ ဘာတွေရှိသလဲဆိုတာကို လေ့လာကြည့်ရှုမှတ်သားရတဲ့ ဘာသာပါ။

ကျွန်တော်တို့ကို ဆရာကြီးက "မင်းတို့ရဲ့ အနီးအဝေးပတ်ဝန်းကျင်မှာ ဘာတွေရှိသလဲဆိုတာကို စူးစမ်းလေ့လာတဲ့အကျင့်၊ ကြည့်ရှုမှတ်သားတဲ့အကျင့်ရှိနေရမယ်။ ဒီတော့ မင်းတို့အားလုံး မတ်တတ်ရပ်ပြီး မင်းတို့ရဲ့ပတ်ဝန်းကျင်ကို မျက်စိတစ်ဆုံး ကြည့်လိုက်ကြစမ်းပါကွာ"လို့ ပြောပါရော။

ဒီတော့ ကျွန်တော်တို့အားလုံး မတ်တတ်ရပ်ပြီး ကြည့်ကြရတာပေါ့။ မတ်တတ်ရပ်ပြီး ဟိုဟိုဒီဒီ ကြည့်နေတဲ့ ကျွန်တော်တို့ကို "မင်းတို့ ဘာတွေမြင်ကြရလဲ" လို့ မေးပါတယ်။

မြင်ရတာတွေကအမျိုးမျိုးမို့ ဖြေကြတာကလည်း အမျိုးမျိုးပါပဲ။ ဒီတော့ဆရာကြီးက "မင်းတို့အားလုံး အရှေ့မြောက်ဘက်တည့်တည့်ကို မျက်နှာမူပြီးကြည့်ကြကွာ" လို့ ပြောပြန်ပါတယ်။ ကျွန်တော်တို့လည်း ဆရာကြီးပြောတဲ့အတိုင်း အရှေ့မြောက်ဘက်တည့်တည့်ကို လှည့်ပြီး ကြည့်ကြပါတယ်။

ကြည့်နေတဲ့ ကျွန်တော်တို့ကို "မင်းတို့ဘာတွေမြင်ရလဲ" လို့ မေးပြန်ပါတယ်။ ကျွန်တော်တို့ မျက်စိအောက်မှာ မြင်လိုက်ရတာတွေက အများကြီးပါ။ မြင်ရတာတွေကိုပြောပြလိုက်ကြတာ တစ်ယောက်တစ်မျိုးနဲ့စုံနေတာပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့ပြောပြတာကို ဆရာကြီးက ကျေနပ်ပုံမရပါဘူး။

"မင်းတို့က နီးနီးနားနားပဲကြည့်ကြတော့ နီးနီးနားနားမှာရှိတာကိုပဲ မြင်ရတာပေါ့ကွာ။ မိုးကုပ်စက်ဝိုင်းအထိ လှမ်းကြည့်မှ ထူးထူးဆန်းဆန်းတွေကို မြင်ရမှာပေါ့။ မိုးကုပ်စက်ဝိုင်းအထိ လှမ်းကြည့်ကြစမ်းပါ။ အဲသလိုလှမ်းကြည့်ပြီး မင်းတို့မြင်ရတာတွေကို ပြောကြကွာ" လို့ ပြောပြန်ပါရော။ ကျွန်တော်တို့ကလည်း ဆရာကြီးပြောသလို လှမ်းကြည့်ကြပါတယ်။ ကျွန်တော်တို့နဲ့ အရှေ့မြောက်ဘက်တည့်တည့်မှာတော့ တောင်ခိုးတောင်ငွေ့တွေယှက်သိုင်းနေတဲ့ မှိုင်းမှိုင်းညို့ညို့ တောင်ကြီးကို လှမ်းမြင်နေရတယ်။

"တောင်ကြီးတစ်လုံးကို မြင်နေရတယ်ဆရာကြီး" လို့ ဝမ်းသာအားရ ပြောပြလိုက်ကြတယ်။ ဒီတော့မှ ဆရာကြီးက ကျေနပ်သဘောကျသွားပြီး "မင်းတို့က အဝေးကြီးအထိကြည့်လိုက်လို့ အဝေးကြီးမှာရှိနေတဲ့ ပုပ္ပားတောင်ကြီးကိုမြင်ရတာပဲကွ။ အဲဒါ သေသေချာချာကြည့်လို့မြင်ရတာ။ သေသေချာချာမကြည့်ရင် မြင်ရမှာမဟုတ်ဘူး။ အဲဒီတောင်ကို မြင်ရတာကတော့ နီးနီးလေးပဲ။ တကယ်တမ်းကျတော့ အဲဒီတောင်နဲ့က အဝေးကြီး။ အမြင်နီးပေမယ့် ခရီးကဝေးတယ်။ ဒါကြောင့် အမြင်နီးပြီး ခရီးဝေးတဲ့တောင်လို့ပြောကြတာပေါ့။ ဒီတော့ မင်းတို့ကို မေးကြည့်မယ်"ဆိုပြီး မေးတော့တာပါပဲ။

ဆရာကြီးက "အမြင်သာနီးပေမယ့် ခရီးကဝေးလှတယ်၊ အဲဒါ ဘာလဲကွယ်" လို့ ကဗျာဆန်ဆန် မေးပါတယ်။ ဒီတော့ ကျွန်တော်တို့ကလည်း"အမြင်သာနီးပြီး ခရီးကဝေးလှတယ်၊ အဲဒါ တောင်လို့ခေါ်ပါတယ်" လို့ ကဗျာဆန်ဆန် ဖြေလိုက်ကြပါတယ်။ ကျွန်တော်တို့ဖြေတာကို ဆရာကြီးကသဘောကျလို့ ကျေနပ်နေတယ်။ ဆက်ပြီးတော့ "မင်းတို့ကိုထပ်မေးဦးမယ်။ ဆရာကြီးမေးတာကို စဉ်းစားပြီးဖြေကြနော်။ အပင်ကြီးက အကြီးကြီးပဲကွ။ အဲဒီအပင်ကသီးတဲ့အသီးကျတော့ သေးသေးလေးပဲ။ အဲဒီအပင်ကို မင်းတို့မြင်ဖူးပါတယ်ကွာ" လို့ ပြောပါတယ်။ ပြီးတော့ "အပင်ကြီးပြီး အသီးသေးပါတယ်၊ ဘာပင်ဆိုတာ သိလားကွယ်" လို့ မေးတော့တာပါပဲ။ ကျွန်တော်တို့က အရိပ်ကောင်းတဲ့ ညောင်ပင်ကြီးအောက်မှာ ရောက်နေကြတာပါ။ ကျွန်တော်တို့ရောက်နေတဲ့ ညောင်ပင်ကြီးက အကြီးကြီးပါ။ ညောင်ပင်ကသီးတဲ့ ညောင်သီးတွေကတော့ သေးသေးလေးပါ။ ဒါကြောင့် ဆရာကြီးမေးတာကို ကျွန်တော်တို့က "အပင်ကြီးပြီး အသီးသေးပါတယ်၊ အဲဒါ ညောင်ပင်ဖြစ်ပါတယ်"လို့ ဖြေလိုက်ကြတယ်။ "ဆရာကြီးက တော်တယ်ကွာ၊ တော်တယ်။ မင်းတို့ဖြေတာမှန်ပါတယ်"လို့ ချီးမွမ်းနေပါတော့တယ်။

မူလတန်းကျောင်းသားတုန်းက ငယ်ဆရာကြီး ဦးသာအေးနဲ့ ကျွန်တော်တို့တစ်တွေ ညောင်ပင်ကြီးအောက်မှာ စကားထာဝှက်တမ်းကစားခဲ့ရဖူးပါတယ်။ အင်မတန် ပျော်စရာကောင်းပါတယ်။ ဆရာကြီးနဲ့ကစားခဲ့ရတဲ့ စကားထာဝှက်နည်းကတော့ အရိပ်အခြည်ပြပြီးဝှက်တဲ့ စကားထာဝှက်နည်းတစ်မျိုးပါပဲ။ ။

မောင်သစ္စာ

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး ဒုတိယနေ့ကျင်းပ



ရန်ကုန် ဇွန် ၂၈

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေးဒုတိယနေ့ကိုယနေ့နံနက်၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယ မင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့မင်းကျောင်း ပထမပြန်စာသင်တိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသာရ က ဆောင်ရွက်တော်မူသည်။

ထို့နောက် ဒုတိယအစည်းအဝေး ဒုတိယနေ့ကို ဆက်လက်ကျင်းပရာ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ပထမအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသီဟ က လည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒပါလက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသုရိယက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် အင်အားပြင်းမွန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ဘုရား၊ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီးအမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများလှူဒါန်းသည့် အလှူတော်ငွေကျပ်သိန်း ၃၃၀ ကို ဆရာတော်ကြီးများကိုယ်စား သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ အစည်းအဝေးကို ရပ်နားလိုက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယအစည်းအဝေးဒုတိယနေ့ ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်ကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသလ္လ က လည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနာဘိဝံသက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို သာသနဓဇဓမ္မာစရိယဘဒ္ဒန္တဝေဠုရိယက လည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ ပထမအကြိမ်တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသာရက အတည်ပြုချက်ရယူပြီး အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန်(ရွှေကျင်)ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ မေ့မိတ်ဆွေများက ဒွေစတ္တာလီသတိ(၄၂) ကြိမ်မြောက် အရက်ဆွမ်းနှင့်နေ့ဆွမ်း တစ်နေ့တာ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

မြဝတီ

# စစ်ကိုင်းမြို့ရှိ ငလျင်ဒဏ်သင့် ပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်



နေပြည်တော် ဇွန် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ စစ်ကိုင်းမြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ပေးခဲ့သည့် အိမ်ထောင်စုစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နှစ်(၇၀၀)ပြည့်အားကစားခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ငလျင်ဒဏ်ကြောင့် ပျောက်ဆုံးပျက်စီးသွားသော အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိမည့်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်တို့က အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများက အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူများလက်ဝယ်သို့ကိုယ်တိုင်ကိုယ်ကျပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ပေးခဲ့သည့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသပြီး မဲပေးစက်လက်တွေ့သရုပ်ပြ

နေပြည်တော် ဇွန် ၂၈

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် မဲပေးစက်လက်တွေ့သရုပ်ပြမဲပေးခြင်းကိုယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဆရာ/ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တစ်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြစ်ပေါ်လာပုံ၊ အသုံးပြုပုံနည်းစနစ်များနှင့် မဲပေးစက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကိုရှင်းလင်းပြောကြားသည်။ ထို့နောက် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးမှုများ ပြုလုပ်ကြရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသပြီး မဲပေးစက်လက်တွေ့သရုပ်ပြသပွဲပြုလုပ်စဉ်။

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများ ကုန်သွယ်မှု၊ အသုံးပြုမှုနှင့် ထိန်းသိမ်းဆောင်ရွက်မှုများ အပိုင်း(၄)

ဒေါက်တာလပြည့်ခင်

**ယမန်နေ့မှအဆက်**

အရောင်ချွတ်ဆေးများ၊ ရောဂါကာကွယ်ဆေး၊ ဗက်တီးရီးယားပိုးများနှင့် မှိုကာကွယ်ဆေးများ ထုတ်လုပ်ရာ၌ အသုံးပြုသည်။ ရေတွင်းရေသန့်စင်မှုတွင် ဟိုက်ဒရိုဂျင်ဆာလဖိုက်နှင့်သံကိုဖယ်ရှားရန်အတွက် အသစ်ပြန်လည်ထုတ်လုပ်သည့်ဓာတုပစ္စည်းအဖြစ်လည်း အသုံးပြုသည်။

ပိုတက်စီယမ်ပါမင်းဂနိတ်ကို အဓိကတရားမဝင်အသုံးပြုနေသည်မှာ ကိုကင်းအခြေခံမှ အညစ်အကြေးများကိုဖယ်ရှားရန်ဖြစ်သည့် ကိုကာကော်စေး(Coca Paste)မှ ကိုကင်းဗေ့စ်(Cocaine Base)အဖြစ်ပြောင်းလဲရာတွင်အသုံးပြုနေခြင်းဖြစ်သည်။ ပိုတက်စီယမ်ပါမင်းဂနိတ်(KMnO4)ကို ဆူဒိုအက်ဖီဒရင်း(Pseudoephedrine)နှင့်ပေါင်းစပ်၍ ထိန်းချုပ်ထားသောအရာတစ်ခုဖြစ်သည့် မက်ကတီနိုနုန်း(Methcathinone)ထုတ်လုပ်နိုင်သည်။ DEVIDA နှင့် UNODC အစီရင်ခံစာအရ ကမ္ဘာလုံးဆိုင်ရာ ကိုကာစိုက်ပျိုးမှုသည် ၂၃၄၁၇၇ ဟက်တာဖြင့် မြင့်မားသောအဆင့်တွင်ရှိနေခဲ့သည်။ ကိုလံဘီယာတွင် ၇ ရာခိုင်နှုန်းခန့်မှန်းခြေကျဆင်းမှုသည် ပီရူးတွင် ၁၃ ရာခိုင်နှုန်းနှင့် ဘိုလီးဗီးယားတွင် ၁၅ ရာခိုင်နှုန်း နှစ်ခုလုံးတွင် တိုးလာခြင်းဖြင့်ထေမိသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုလံဘီယာသည် ကမ္ဘာလုံးဆိုင်ရာကိုကာစိုက်ပျိုးမှု ၆၁ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး နောက်တွင် ပီရူးမှ ၂၆ ရာခိုင်နှုန်းနှင့် ဘိုလီးဗီးယားမှ ၁၂ ဒသမ ၅ ရာခိုင်နှုန်းတွင် ဆက်လက်ပါဝင်ခဲ့သည်။

**Sulphuric Acid** (ဆာလ်ဖျူရစ်အက်စစ်) ($H_2SO_4$) သည် Chemical Industry တွင် အဓိကကျသောပစ္စည်းတစ်ခုဖြစ်သောကြောင့် King of the Chemical ဟုခေါ်ကြသည်။ ယင်းကို Sulphate ဆားများထုတ်လုပ်ခြင်း၊ အက်စစ်နှင့်အောက်ဆိုက်ပစ္စည်းများရေအစိုဓာတ်လျော့စေရန်ဓာတ်ပြုခြင်း၊ သန့်စင်သောပစ္စည်း၊ အယ်လကာလီပျော်ရည်များနှင့်ဓာတ်ပြယ်စေခြင်း၊ အော်ဂဲနစ်ဓာတ်ပေါင်းများထုတ်လုပ်ရာတွင် ဓာတ်ကူပစ္စည်းအဖြစ်အသုံးပြုခြင်း၊ သတ္တုသန့်စင်ခြင်း(Cleaning of metals)၊ ဆီမှအညစ်အကြေးများကိုဖယ်ရှားခြင်း(Removal of impurities from oil)၊ ဆီသန့်စင်ခြင်း (Oil refining)၊ ရေဆိုးထုတ်ခြင်း (Wastewater processing)၊ နိုက်ထရစ်အက်စစ် (Nitric acid)၊ ဟိုက်ဒရိုကလိုရစ်အက်စစ် (Hydrochloric acid)၊ ဆိုးဆေးပေါင်းစပ်မှု (Synthesis of dye)၊ ဓာတုပေါင်းစပ်ခြင်းများ (Chemical synthesis)၊ ဆေးဝါးများ (Drugs)၊ ဆပ်ပြာများ (Detergents)၊ ပေါက်ကွဲစေတတ်သောပစ္စည်းများ (Explosives) စသည့်ဓာတုပစ္စည်းများထုတ်လုပ်ခြင်း၊ စက္ကူ၊ ဆိုးဆေး၊ ဓာတ်မြေဩဇာ (Fertilizer) ထုတ်လုပ်ခြင်း၊ ကင်ဆာကုသမှု (Treatment of Cancer)တွင် ဆေးသွင်းကုသခြင်း (Chemotherapy)အသုံးပြုခြင်း၊ သံချေးချွတ်ခြင်းနှင့် မော်တော်ကားဘက်ထရီအက်စစ်ပြုလုပ်ခြင်းတို့တွင် တရားဝင်အသုံးပြုသည်။ စိတ်ကြွဆေးဝါးများထုတ်လုပ်ခြင်း၊ ကိုကာရွက် (Coca Leaf)မှ ကိုကင်း (Cocaine) ထုတ်ယူပြီး ကိုကာကော်စေး (Coca Paste)မှ ကိုကင်းဗေ့စ် (Cocaine Base)အဖြစ်ပြောင်းလဲခြင်း၊ မက်စက်ကလင်းဆာလဖိတ်ဆားများ၊ ဟီးရိုးအင်း၊ မော်ဖင်း၊ မက်စ်ကင်းနှင့် အက်ဖက်တမင်းနှင့် ၎င်းတို့၏ဘေးထွက်ပစ္စည်းများ၊ ပက်သီဒင်းနှင့် MPPP ထုတ်လုပ်ခြင်းတို့တွင် တရားမဝင် အသုံးပြုသည်။

**Toluene** (တော်လူအင်း) $C_7H_8$ သည် Paint Thinner အနံ့ရှိသော အရောင်မဲ့အရည်ဖြစ်ပြီး ယင်းကို Methylbenzene၊ Phenylmethane သို့မဟုတ် Toluol ဟုလည်းခေါ်သည်။ ရေတွင်မပျော်ဝင်နိုင်သော သုတ်ဆေးကဲ့သို့အနံ့ရှိသည့် အော်ဂဲနစ်ဓာတုဒြပ်ပေါင်းတစ်ခုဖြစ်ပြီး သေစေနိုင်သောဂုဏ်သတ္တိများ(Intoxicant Properties) ရှိပြီး ရှူသွင်းလိုက်သောအခါတွင် အာရုံကြောကိုထိခိုက်စေနိုင်သည်။ စက်ရုံသုံးဓာတုဆေးရည်များ၊ ပေါက်ကွဲစေနိုင်သောပစ္စည်းများ၊ ဆိုးဆေးနှင့် အရောင်တင်ဆီပစ္စည်းများ၊ အခြားသောအော်ဂဲနစ်ပစ္စည်းများနှင့်ဓာတ်ငွေ့ရည်ကဲ့သို့သော ဆက်စပ်ပစ္စည်းများထုတ်လုပ်ရာ၌သုံးသည်။ Toluene ပါဝင်သည့် မတည်ငြိမ်သောအရာများသည် လူသားများတွင် စွဲလမ်းစေသောအလားအလာရှိသည့် အလွဲသုံးစားပြုမှု အများဆုံးသော ပျော်ရည်များဖြစ်သည်။ သုတ်ဆေးများ၊ ဆေးသုတ်ခြင်းများ၊ ဆီလီကွန်အပိတ်များ၊ ဓာတုဓာတ်ပြုပစ္စည်းများ၊ ရော်ဘာ၊ ပုံနှိပ်မင်များ၊ ကော်(ကော်)၊ ယွန်းများ၊ သားရေအရောင်ချွတ်ဆေးများနှင့် ပိုးသတ်ဆေးများကဲ့သို့သော ဘုံအသုံးများသောပျော်ရည်ဖြစ်သည်။ ထိန်းချုပ်ပစ္စည်းများဖြစ်သော ဖင်တနိုင်း၊ အက်ဖက်တမင်း၊ ဖင်စီလစ်ဒင်းနှင့် ၎င်းတို့ဆက်စပ်ဒြပ်ပေါင်းများ တရားမဝင်ထုတ်လုပ်ရာတွင်သုံးသည်။ မက်ကလိုကွာလုံး (Mecloqualone)၊ မက်သာကွာလုံး (Methaquslone)၊ မက်သာဒုံးကိုကင်း (Methadoen Cocaine) နှင့် စီလိုစင်းများ (Silosins) ထုတ်လုပ်ရာ၌ တရားမဝင်အသုံးပြုသည်။

**Acetic acid** (အက်စီတစ်အက်စစ်) $C_2H_4O_2$ ကို စီးပွားဖြစ် အော်ဂဲနစ်ပစ္စည်းများထုတ်လုပ်ရာတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုသည်။ Acetates၊ Acetyne၊ Vinyl Acetate၊ Cellulose Acetate၊ Acetate Rayon နှင့် Plastics အမျိုးမျိုးထုတ်လုပ်သည်။ ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ ကော်၊ အဆီခဲ၊ အငွေ့ပြန်လွယ်သောအဆီ စသည့်ပျော်ရည်များနှင့်ပေါင်းစပ်အသုံးပြုသည်။ ဆေးဝါးနှင့်အစားအသောက်လုပ်ငန်းတွင်လည်း အသုံးများသည်။ 1-Phenyl, 2-Propanon၊ (P2P)၊ Ephetamine ၊ Metham-phetamine နှင့် Heroine တရားမဝင်ထုတ်လုပ်ရာတွင်အသုံးပြုသည်။

**Acetyle Chloride** (အက်စီတိုင်းကလိုရိုက်) $C_2H_3OCl$ သည် အရောင်မရှိ လောင်စားတတ်သော၊ မတည်ငြိမ်သောအရည်ဖြစ်ပြီး ဆေးဝါးနှင့်ဆိုးဆေးများထုတ်လုပ်ရာတွင် Acetyle အုပ်စုကို အသုံးပြုသည်။ ချောဆီနှင့် ရော်ဘာထုတ်လုပ်ရာတွင်လည်းကောင်း၊ ပေါ်လီမာတိုးပွားစေသော ဓာတ်ပြုမှုအဆင့်ဆင့်တွင်လည်းကောင်း၊ ကိုလက်စထရောနှင့် အော်ဂဲနစ်အရည်တွင် ရေပါဝင်မှုဆန်းစစ်ရာတွင်လည်းကောင်းသုံးသည်။ ဟီးရိုးအင်း(Heroine) ထုတ်လုပ်ရာတွင် တရားမဝင်အသုံးပြုသည်။

**Chloroform** (ကလိုရိုဖောင်း) $CHCl_3$ သည် အရောင်မရှိသောအရည်ဖြစ်၍ မေ့ဆေးအဖြစ်အသုံးပြုသည်။ ထိုဆေးကို လစ်ဗာပူးမှ ဒေးဗစ်ဝေါလ်ဒိုင်ဆိုသူက စတင်တွေ့ရှိ၍ ဂျိမ်းဆင်ပဆင်ကို ပြောပြသဖြင့် ဆင်ပဆင်က ခွဲစိတ်ကုသရာတွင် စတင်အသုံးပြုခဲ့သည်။ ယင်းကို ဓာတ်ခွဲခန်းများ၊ ဓာတုဗေဒနှင့် ဆေးဝါးစက်ရုံများတွင် အသုံးများသည်။ အဆီ၊ ရော်ဘာ၊ အယ်လ်ကာလွိုက်၊ အဆီခဲ၊ ရော်ဘာတစ်မျိုးတို့ထုတ်လုပ်ခြင်းတွင် သန့်စင်သောပစ္စည်းအဖြစ်အသုံးပြုပြီး Hydrochloro Fluo-rocarbon-22 အေးခဲခြင်းတွင် ပေါင်းစပ်ထုတ်လုပ်သည်။ ယခင်က မေ့ဆေးအဖြစ်အသုံးများပြီး ယခုအခါ ၎င်း၏အဆိပ်အတောက်ဖြစ်မှုကြောင့်အသုံးမပြုတော့ပါ။ ကိုကင်း(Cocaine)နှင့်ဟီးရိုးအင်း (Heroine) ထုတ်လုပ်ရာ၌ အသုံးပြုသည့်အပြင် အခြားသောတရားမဝင်ဆေးဝါးအမျိုးမျိုး ထုတ်လုပ်ရာ၌လည်း သုံးကြသည်။

**Chloroform (ကလိုရိုဖောင်း) $CHCl_3$ သည် အရောင်မရှိသောအရည်ဖြစ်၍ မေ့ဆေးအဖြစ်အသုံးပြုသည်။ ထိုဆေးကို လစ်ဗာပူးမှ ဒေးဗစ်ဝေါလ်ဒိုင်ဆိုသူက စတင်တွေ့ရှိ၍ ဂျိမ်းဆင်ပဆင်ကို ပြောပြသဖြင့် ဆင်ပဆင်က ခွဲစိတ်ကုသရာတွင် စတင်အသုံးပြုခဲ့သည်။ ယင်းကို ဓာတ်ခွဲခန်းများ၊ ဓာတုဗေဒနှင့် ဆေးဝါးစက်ရုံများတွင် အသုံးများသည်။ အဆီ၊ ရော်ဘာ၊ အယ်လ်ကာလွိုက်၊ အဆီခဲ၊ ရော်ဘာတစ်မျိုးတို့ထုတ်လုပ်ခြင်းတွင် သန့်စင်သောပစ္စည်းအဖြစ်အသုံးပြုပြီး Hydrochloro Fluo-rocarbon-22 အေးခဲခြင်းတွင် ပေါင်းစပ်ထုတ်လုပ်သည်။ ယခင်က မေ့ဆေးအဖြစ်အသုံးများပြီး ယခုအခါ ၎င်း၏ အဆိပ်အတောက်ဖြစ်မှုကြောင့် အသုံးမပြုတော့ပါ။**

**Ethylidene Diacetate** (အီသိုင်းအီဒင်းဒိုင်အက်စီတိတ်) $C_6H_{10}O_4$ သည် အရောင်မရှိအရည်ပျော်ကျသော အစိုင်အခဲဖြစ်ပြီး ယခင်က ဗီနိုင်းအက်စစ်၏ ရှေ့ပြေးအဖြစ် လုပ်ဆောင်ခဲ့သည်။ လယ်ယာစိုက်ပျိုးရေးတွင် မှိုရောဂါကာကွယ်ခြင်း၊ Vinyl Acetate ပေါင်းစပ်ထုတ်လုပ်ခြင်းတို့၌ အသုံးပြုသည်။ ဟီးရိုးအင်း (Heroine) ထုတ်လုပ်ရာတွင် တရားမဝင် အသုံးပြုသည်။

**Phosphrous Pentachloride** (ဖော့စဖရပ်စ်ပန်တာကလိုရိုက်)$PCl_5$ သည် အစိမ်းဖျော့အဝါရောင် အစိုင်အခဲဖြစ်ပြီး Acetylcellulose ထုတ်လုပ်ရာတွင် ဓာတ်ကူပစ္စည်းအဖြစ်လည်းကောင်း၊ Acid Chloride တွင် အက်စစ်ပြောင်းလဲခြင်းတွင် Chlorine အုပ်စုသွင်းဓာတ်ပြုခြင်းနှင့် Phosphrous အုပ်စုသွင်းခြင်းတို့တွင်လည်းကောင်း အသုံးပြုပြီး ဟီးရိုးအင်း (Heroine)၊ မက်သာကွာလုံး(Methaqualone)နှင့် မက်ကလိုကွာလုံး (Mecloqualone)တရားမဝင်ထုတ်လုပ်ရာ၌လည်းသုံးသည်။

**Phosphrous Trichloride** (ဖော့စဖော့ရပ်စ်ထရိုင်ကလိုရိုက်) $PCl_3$ သည် အရောင်ကင်းသော၊ ကြည်လင်ပြီး အနံ့ပြင်းသောအရည်ဖြစ်သည်။ ဓာတ်ဆီထည့်သည့်ပစ္စည်းများနှင့် အထည်အလိပ်အချောထည်များတွင်လည်းကောင်း၊ အခြားဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများ၊ ဆိုးဆေးများ၊ ဓာတ်ကူပစ္စည်းများနှင့်ပလတ်စတစ်ဆာဂျရီများပြုလုပ်ရန်လည်းကောင်း၊ ကလိုရင်းအုပ်စု ဓာတ်ပြုပစ္စည်း၊ အထူးသဖြင့် အော်ဂဲနစ်ဓာတ်ပေါင်းများတွင် Oxygen ကို အစားထိုးဓာတ်ပြုရာတွင်လည်းကောင်း၊ Phosphrous အုပ်စု ဓာတ်ပြုပစ္စည်း၊ ခရီရိုစကော်ပီနည်းတွင် ဖျော်ရည်အဖြစ်လည်းကောင်း၊ ဆေးသကြားထုတ်လုပ်ရာတွင်လည်းကောင်း တရားဝင်အသုံးပြုပြီး ဟီးရိုးအင်း(Heroin)၊ မက်သာကွာလုံး (Methaqualone) နှင့် မက်ကလိုကွာလုံး (Meclo-qualone) တရားမဝင်ထုတ်လုပ်ရာ၌ အသုံးပြုသည်။

နောက်ဆုံးပိုင်းကို ဆက်လက်တင်ပြပါမည်။ ။

MWD Education, Knowledge & Sports Channel
၂၉-၆-၂၀၂၅(တနင်္ဂနွေနေ့)


၁။ ၀၈:၀၀ - ၀၉:၅၀ Grade - 11 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ
၂။ ၁၂:၀၀ - ၁၃:၅၄ Grade - 11 သင်္ချာ၊ ဓာတုဗေဒ
၃။ ၁၆:၀၀ - ၁၈:၄၀ Grade - 11 ရူပဗေဒ၊ ဇီဝဗေဒ
၄။ ၁၈:၄၀ - ၁၉:၄၁ Grade - 11 ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ

# ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်မှုနှင့်အတူ ပြည်တွင်းစက်သုံးဆီဈေးနှုန်း မြင့်တက်သော်လည်း စက်သုံးဆီအလုံအလောက်ရှိသဖြင့် ပြတ်လပ်မှုမရှိဘဲ လွယ်ကူစွာဝယ်ယူသုံးစွဲနိုင်

နေပြည်တော်   ဇွန်   ၂၈

ယခုသီတင်းပတ်ကာလများအတွင်း ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်မှုနှင့်အတူ အာရှပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေးနှုန်းများသည် တစ်စည်လျှင် ၁၀ ဒေါ်လာမှ ၁၅ ဒေါ်လာခန့်အထိ မြင့်တက်ခဲ့သဖြင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်မှုနှုန်းထားမှာ တည်ငြိမ်လျက်ရှိကာ ပြည်တွင်းတွင် စက်သုံးဆီများ အလုံအလောက်ရှိသဖြင့် ပြတ်လပ်မှုမရှိဘဲ လွယ်ကူစွာဝယ်ယူသုံးစွဲနိုင်ကြောင်း သိရသည်။

မြဝတီ




# အခြေခံပညာကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သတ်မှတ်နေရာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော်   ဇွန်   ၂၈

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုကိုတွေ့ရစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် အပါအဝင် မြို့နယ်(၁၇)မြို့နယ်၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်ရှိ ရန်ကုန်အရှေ့ပိုင်းဆေးရုံ(ဂန္ဓီဆေးရုံ)၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့်အမှိုက်များရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော်   ဇွန်   ၂၈

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂ ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄ ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ လက်မခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ မုံရွာမြို့၊ ဘီးလင်းမြို့နှင့် ဟုမ္မလင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော်   ဇွန်   ၂၈

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းရိုးတန်းတို့၌ ဇွန်လ ၃၀ ရက်တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

# မှော်ဘီမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော်   ဇွန်   ၂၈

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သဲဖြူကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၅ ပါးနှင့် ဒေသခံပြည်သူ ၁၅၃ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov တို့ အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ၏ ဇနီးတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Buryatia ပြည်နယ်၊ အမျိုးသားကဇာတ်ရုံမှ ရိုးရာအကအလှအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

❒ စာမျက်နှာ ၁၇ မှအဆက်

ညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း Buryatia ပြည်နယ်၊ အမျိုးသားကဇာတ်ရုံမှ ရိုးရာအကအလှအဖွဲ့များက တေးသံသာများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲတို့သည်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဇနီးနှင့် ပြည်နယ်အကြီးအကဲတို့၏ ဇနီးသည်လည်းကောင်း အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အမျိုးသားကဇာတ်ရုံမှ ရိုးရာအကအလှအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov က လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ဒေသခံပြည်သူများက ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်စဉ်။

★ **ရှေ့ဖုံးမှအဆက်**

ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် Buryatia ပြည်နယ်၊ Ulan-Ude မြို့၊ Baikal အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ ပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov က လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဒေသခံပြည်သူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်စဉ်။

# (၇၃) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၈**

တောင်သူ နည်းပညာဆွေးနွေးပွဲကို "တောင်သူများပူးပေါင်းပါဝင်သော အရည်အသွေးကောင်း မျိုးစေ့များထုတ်လုပ်ခြင်း" ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် AERDTC ခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်များနှင့်သုတေသီများ၊ ပုဗ္ဗသီရိ၊ ဇမ္ဗူသီရိ၊ ပျဉ်းမနားနှင့်တပ်ကုန်းမြို့နယ်တို့မှ တောင်သူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပညာရှင်နှင့် တောင်သူများက အွန်လိုင်းဖြင့်တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက စိုက်ပျိုးရေးပညာရှင်များအနေဖြင့် စိုက်ပျိုးရေးပညာများကို အမြဲလေ့လာဆည်းပူးကာ တောင်သူ့အကျိုးစီးပွားကိုအမြဲရှေးရှုသော သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေးအတွက် ဆန်းသစ်သောစိုက်နည်းစနစ်များကို တောင်သူများနှင့် သင့်တော်သည့် လက်တွေ့အသုံးချနိုင်သည့် အဆင့်ထိရောက်အောင် တောင်သူနှင့်ပူးပေါင်းကာ သုတေသနပြုခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲမှ ဒေါက်တာယုမွန်က မျိုးစေ့ထုတ်လုပ်နည်းစနစ်များ၊ ၂၀၂၄-၂၀၂၅ ခုနှစ် (RS) ထုတ်လုပ်မှုနှင့် (RS-CS) ထွက်ရှိမှု၊ ၂၀၂၅-၂၀၂၆ ခုနှစ် သီးနှံစုံစိုက်ပျိုးရန် မျိုးစေ့လိုအပ်ချက်များ၊ တောင်သူပူးပေါင်းပါဝင်သော မျိုးစေ့ထုတ်လုပ်ခြင်း၊ မျိုးစေ့ကျေးရွာတည်ထောင်ခြင်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာ တက်ရောက်လာသူများမှ ဝိုင်းဝန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မွေးမြူရေးနှင့် ကုသရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်အတွင်း ယာယီခိုလှုံနေထိုင်ကြသည့် ငလျင်ဘေးသင့်ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

**“ ဘာသာရေးဆိုင်ရာ ဆက်ဆံဆောင်ရွက်မှုများအပြင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ၊ စက်မှုနည်းပညာဆိုင်ရာနှင့် အခြားနယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိပြီး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်၊ အဆွေတော်တို့ Buryatia ပြည်နယ်အပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်အတူ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကုန်သွယ်ရေး အစရှိသည့်နယ်ပယ်ကဏ္ဍအသီးသီးတွင် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ် . . .”**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

**“ မိမိတို့အနေဖြင့် နေရာဒေသချင်းအလှမ်းကွာဝေးသော်လည်း ရင်ဘတ်ချင်းနီးကြ၊ ကိုးကွယ်ရာဘာသာတရားချင်းလည်းတူညီမှုရှိကြပြီး အခြေခံဘာသာတရားတူညီနီးစပ်မှုမှအစပြု၍ လူမှုရေး၊ စီးပွားရေးဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိ၊ ယခုကဲ့သို့ မိမိတို့ Buryatia ပြည်နယ်သို့ လာရောက်မှုအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိ . . .”**

Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov

❐ ကျောဖုံးမှအဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြန်လည်ပြောကြားရာတွင် မိမိအနေဖြင့် Buryatia ပြည်နယ်သို့ တတိယအကြိမ်မြောက်ရောက်ရှိခြင်းဖြစ်ပြီး သာယာလှပသည့် Buryatia ပြည်နယ်သို့ရောက်ရှိသည့်အချိန်တိုင်း စိတ်ချမ်းသာမိပါကြောင်း၊ ဗုဒ္ဓဘာသာကို အများစုကိုးကွယ်သည့် ပြည်နယ်ဖြစ်ပြီး မိမိတို့နိုင်ငံနှင့် စိတ်သဘောထားချင်းပိုမိုတိုက်ဆိုင်မှုရှိကြောင်း၊ ဘာသာရေးဆိုင်ရာ ကူးလူးဆက်ဆံဆောင်ရွက်မှုအနေဖြင့် ၂၀၁၅ ခုနှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး ဆယ်စုနှစ်တစ်ခုနီးပါးရှိပြီဖြစ်ကြောင်း။

ဘာသာရေးဆိုင်ရာဆက်ဆံဆောင်ရွက်မှုများအပြင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ၊ စက်မှုနည်းပညာဆိုင်ရာနှင့် အခြားနယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိပြီး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်ပါကြောင်း၊ အဆွေတော်တို့ Buryatia



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov က ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။





Buryatia ပြည်နယ်၊ အမျိုးသားကဇာတ်ရုံမှ ရိုးရာအကအလှအဖွဲ့များက တေးသံသာများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။

ပြည်နယ်အပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်အတူ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကုန်သွယ်ရေးအစရှိသည့် နယ်ပယ်ကဏ္ဍအသီးသီးတွင် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆွေတော် Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲနှင့် ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံး ကျန်းမာချမ်းသာ၍ အဆင်ပြေချောမွေ့ပါစေကြောင်းကို ဆုမွန်ကောင်းတောင်းပါကြောင်း ဖြင့်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲနှင့် တာဝန်ရှိသူများနှင့်အတူ

**စာမျက်နှာ ၁၅ သို့ ❐**

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## High-level Myanmar Delegation led by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing leaves the Republic of Belarus, arrives in Ulan-Ude, Republic of Buryatia in Russian Federation



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing raises his hand in farewell before leaving Minsk International Airport in Minsk, the Republic of Belarus.



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing is seen off at Minsk International Airport in Minsk by Deputy Prime Minister Mr. Yuri Shuleiko and Deputy Foreign Minister (1) Mr. Lukashevich Sergey Vladimirovich of the Republic of Belarus.

NAY PYI TAW June 28

The high-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, which had attended the fourth Eurasian Economic Forum - EEF 2025 in Minsk in the Republic of Belarus, left Minsk International Airport in the Republic of Belarus for Ulan-Ude in the Republic of Buryatia at the invitation of Head of the Republic of Buryatia H.E. Mr. Alexey Sambuevich Tsydenov this morning.

The high-level delegation led by the Senior General was seen off at the airport by Deputy Prime Minister Mr. Yuri Shuleiko and Deputy Foreign Minister (1) Mr. Lukashevich Sergey Vladimirovich of the Republic of Belarus, Myanmar Consul General to the Republic of Belarus U Moe Kyaw Thu and officials.

Then, the high-level delegation led by the Senior General and wife Daw Kyu Kyu Hla at the Baikal International Airport in Ulan-Ude, the Republic of Buryatia in the evening and was warmly greeted by Head of the Republic of Buryatia H.E.Mr. Alexey Sambuevich Tsydenov and officials and local residents in accordance with traditional customs.

**100**



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla are warmly greeted by Head of the Republic of Buryatia H.E.Mr. Alexey Sambuevich Tsydenov and officials and local residents in accordance with traditional customs at Baikal International Airport in Ulan-Ude, the Republic of Buryatia.

## All sown acreage of sweet corns harvested in Tamu District

TAMU June 28

According to the statistics of Tamu District Agriculture Department, local farmers have reaped all plantations of sweet corns in Tamu District of Sagaing Region.

They could grow 1,256 acres of sweet corns in the cold season. Starting from February, they harvested the crops. So far, they have harvested all sown acreage of crops, yielding more than 21,000 cobs of sweet corns.

U Hla Myint, Head of Tamu District Agriculture Department, disclosed: "Local farmers planted 1,256 acres of sweet corns in Tamu District. Now, they have reaped all plantations of crops. They could expand sown acreage of crops. Our department raised farmer awareness of growing sweet crops to have success and prevent pests in the plantations."

In the district, farmers from Myothit Township harvested 280 acres of sweet corns, Tamu Township 379 acres and Khampak 597 acres, totalling 1,256.

**SMK**

# Shwebo Township completes cultivation of pigeon pea on more than 2,000 acres this year

SHWEBO June 28

The Statistics of Shwebo Township Agriculture Department stated that more than 2,000 acres of croplands has been placed under pigeon pea plantations in Shwebo Township of Sagaing Region this monsoon.

During the 2025–2026 monsoon crop season, it is planned to cultivate 6,968 acres of pigeon pea in Shwebo Township. Cultivation began in May this year, and as of today, 2,023 acres have already been planted.

U San Oo, Head of the Shwebo Township Agriculture Department, stated: "This year, more than 6,000 acres of pigeon pea are targeted for cultivation in Shwebo Township during the monsoon season. So far, over 2,000 acres have been planted. We are working to ensure the full targeted acreage is achieved. Efforts are also being made to ensure high yields. Pigeon peas are being grown both as a sole crop and as an intercrop."


This year, the Shwebo Township Agriculture Department is providing field-based technical support to pigeon pea farmers.

This includes guidance on selecting quality and pure seeds, adopting proper cultivation methods, preventing pest infestations, and improving yields.

In addition, the Agriculture Department is promoting the use of technology that combines urea and gypsum fertilizers to help reduce farmers' expenses. It has been reported that this method not only lowers cultivation costs but also protects crops from pests and enhances plant growth.

**SK**

# Sweet potatoes marketable in Danubyu Township



DANUBYU June 28

"Sweet potatoes produced by Danubyu Township of Ayeyawady Region are in high demand at the domestic market," said Daw Hla Hla Win, the owner of agricultural produce trading commodity in Danubyu Township.

In Danubyu Township, since the first week of June this year until today, the trade of locally grown sweet potatoes has been going well. It is currently the harvest season for sweet potatoes, and the price has reached up to Ks-4,200 per viss.

"This is the time when the sweet potatoes planted by local farmers are starting to yield. Since the market for sweet potatoes is strong at the moment, not only are the farmers benefiting from good prices, but agricultural laborers are also finding better opportunities. One of the reasons the sweet potatoes price is good this year is that fewer farmers planted sweet potatoes compared to last year, while demand in both local markets and the Yangon market remains high," said Daw Hla Hla Win, an agricultural produce trader in Danubyu Township.

In Danubyu Township, farmers cultivate sweet potatoes and other seasonal crops alongside rice farming. Sweet potatoes are planted by individual farmers in plots ranging from one to five acres. The general cultivation cost for one acre of taro this season is reported to be up to Ks-350,000, and if the crop grows well without significant losses, profits can exceed Ks-900,000 per acre. **SMK**

# Myaung Tsp grows over 900 acres of rain-fed green grams

MYAUNG June 28

A total of 975 acres of green grams have been planted in Myaung Township, Sagaing District, Sagaing Region during this year's rainy season, according to the statistics of the Department of Agriculture for Sagaing District.

In the 2025-2026 rainy season, Myaung Township has planned to plant 3,057 acres of green grams, and planting has begun since May this year, and 975 acres have been planted to date.

"We are working to ensure that the targeted acres of green grams are planted. We are also conducting field visits to provide necessary technologies, varieties, and pest and disease prevention methods during the planting season," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

The township department of agriculture is providing guidance to farmers planting green grams in Myaung Township on the importance of obtaining good varieties that are suitable for the region, clean seeds, proper planting methods, pest control, systematic use of fertilizers, and good yields. **SK**

# Htigyaing Township plans to grow over 40,000 acres of rain-fed rice

HTIGYAING June 28

More than 40,000 acres of rain-fed rice will be planted in Htigyaing Township, Katha District, Sagaing Region during this year rain crops planting season, according to the Department of Agriculture for Htigyaing Township.

During the 2025-2026 rain crops planting season, Htigyaing Township is planning to plant 40,278 acres of rain-fed rice, and the rain-fed rice cultivation will begin from July to September this year.

"This year, Htigyaing Township is planning to plant more than 40,000 acres of rain-fed rice. We will work to ensure that the targeted acres are planted. We will provide the necessary technology and varieties for rain-fed rice cultivation. We will conduct field visits to help farmers to plant rain-fed rice on time," said U Ko Ko Aung, head of the Department of Agriculture for Htigyaing Township.

This year, the relevant Township Department of Agriculture and local farmers will work together to ensure that rain-fed rice cultivation is carried out without any difficulties during the rain crops planting season.



**SK**

# Dabayin Township grows over 700 acres of rain-fed peanuts

DABAYIN June 28

A total of 716 acres of peanuts have been planted in Dabayin Township, Ye-U District, Sagaing Region during this year's rainy season, according to the statistics of the Department of Agriculture for YeU District.

In the 2025-2026 rainy season, 36,140 acres of peanuts have been planted in Dabayin Township, and planting has begun since May this year, and 716 acres have been planted to date.

"This year's rainy season, we planned to plant more than 30,000 acres of peanuts in Dabayin Township. To date, 716 acres have been planted. We are working to plant more peanuts this month. We are also working to ensure that the targeted acres are planted. Oilseed crops are in a successful position. Peanut cultivation is increasing year by year," said U Zaw Myint Htun, head of the Department of Agriculture for YeU District.

In Dabayin Township, one and a half baskets of peanuts are planted per acre, and the cost of seed, labour, fertilizer, and pesticides is over Ks-200,000, and the yield per acre is over 50 baskets. **SMK**

# Trump pushing Netanyahu to sign Gaza ceasefire deal with Hamas - Reports

MOSCOW June 28

US President Donald Trump has been trying to convince Israeli Prime Minister Benjamin Netanyahu to sign a ceasefire with Palestinian movement Hamas in the Gaza Strip, Newsweek has reported, citing a source familiar with the matter.

"An agreement is very possible. The president is working very hard on convincing the Israelis that the time is right, now that they have finished with the issue of Iran," the source was quoted as saying.

Trump is interested not just in a mere 60-day ceasefire but in a permanent truce that would pave the way toward talks on an Israel-Palestine peace accord.

"He's hoping that those 60 days would lead to a resolution, the release of all the hostages and permanent cease fire that could lead to negotiations over the future of an Israel-Palestine peace agreement," the source said.

On October 7, 2023, Israel was subjected to an unprecedented attack from Hamas and retaliated by launching strikes and later ground operation in Gaza. A hostages-for-ceasefire deal between Israel and Hamas took effect on January 19. Israel resumed strikes on Gaza on March 18, citing Hamas' refusal to accept the US plan to free the hostages and to extend the ceasefire, which expired on March 1.

**Sputnik**

# Russia and Iran resume direct flights

MOSCOW June 28

Russia and Iran have resumed direct flights following a temporary flight ban imposed by Moscow due to the conflict between Israel and Iran. Flights have also been resumed between Russia and Iraq and Jordan.

Major global carriers, including Lufthansa, Emirates, and Air France-KLM, also rerouted or canceled flights to avoid the airspaces of Israel, Iran, Jordan, and Iraq. Some 650 flights were scrapped during the period of hostilities between Israel and Iran, according to Eurocontrol, a pan-European air traffic organization.

In a statement on Friday, Russia's civil aviation authority, Rosaviatsia, said it had lifted the ban on flights over Iran, Iraq, and Jordan following a "continuous analysis" of the risks to civil aviation in the region.

"Rosaviatsia continues to monitor the situation in the Middle East," the agency said. "If there are any significant changes, airlines will be promptly informed."

The first post-ban arrival from Iran touched down at Moscow's Sheremetyevo Airport on Friday. The Mahan Air flight had departed from the northeastern city of Mashhad. A return flight left at noon.

Russian flagship carrier Aeroflot has also resumed sales of tickets to Tehran. The first flight is scheduled for July 4. The route will operate three times a week.





Israel launched a series of airstrikes on June 13 targeting Iranian military and nuclear sites, as well as senior commanders and nuclear scientists, in what it described as a mission to prevent Tehran from acquiring nuclear weapons. The US later joined Israeli attacks on Iran's nuclear facilities.

Iran, which denies that it is pursuing nuclear weapons, condemned what it called unprovoked attacks and retaliated by launching ballistic missiles and kamikaze drones at Israeli cities.

A US-brokered ceasefire has since come into effect and has so far held, with both sides claiming victory.

**RT**

# 16 killed, over 20 others injured in terror attack in NW Pakistan



ISLAMABAD June 28

At least 16 soldiers were killed and over 20 others, including 19 civilians, injured in a terror attack on Saturday in North Waziristan District of Pakistan's northwestern Khyber Pakhtunkhwa Province, security sources told Xinhua.

According to the security sources, a terrorist group attacked a military unit that was on its bomb disposal duties in the Khadi Market of the Mir Ali area of North Waziristan.

The suicide bomber rammed an explosive vehicle into a vehicle of the bomb-disposal unit, followed by indiscriminate firing by the terrorists at the security personnel, leaving 13 soldiers dead and 10 others injured.

The indiscriminate firing also caused injuries to 19 civilians, including women and children, in the area. Rescue teams and security forces rushed to the site and shifted the bodies and the injured to the nearby hospital, where some of the wounded are in critical condition.

A faction named Usood-ul-Harb of the banned terrorist organization Tehreek-e-Taliban Pakistan (TTP) claimed the attack.

Security forces have cordoned off the area and launched a search operation in the region, added the source. There is no official statement from the government or the Inter-Services Public Relations, the media wing of the Pakistan Army yet.

**Xinhua**

# Trump says he would bomb Iran again if provoked

WASHINGTON June 28

U.S. President Donald Trump on Friday said he would consider ordering another military strike against Iran if the country intensifies its nuclear activities.

"Without a question. Absolutely," Trump told reporters in the White House briefing room.

Trump also confirmed that his administration has dropped a plan to ease sanctions on Iran, which had previously been discussed as part of a potential diplomatic opening.

Later Friday, the U.S. Senate voted against a resolution that would have limited the president's authority to launch further military action against Iran without congressional approval.

**Xinhua**

# High-level Myanmar delegation led by SAC Chairman Prime Minister Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla hosted dinner by the Head of the Republic of Buryatia





Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy music and dances performed by National Theatre of the Republic of Buryatia together with Head of the Republic of Buryatia H.E. Mr. Alexey Sambuevich Tsydenov,at the honorary dinner hosted by the Head of the Republic of Buryatia.

NAY PYI TAW June 28

The high-level Myanmar delegation led by State Administration Council Chairman Prime Minister Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla who are on the official visit to the Republic of Buryatia of the Russian Federation was hosted a dinner in their honour by Head of the Republic of Buryatia H.E. Mr. Alexey Sambuevich Tsydenov, this evening.

On arrival at the venue for dinner, the high-level Myanmar delegation led by SAC Chairman Prime Minister Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla were warmly welcomed by the Head of the Republic of Buryatia and officials.

At the dinner, the Head of the Republic of Buryatia extended greetings. He said that he warmly welcomed the high-level Myanmar delegation led by His Excellency Chairman of the State Administration Council and Prime Minister of the State to the Republic of Buryatia. Although both countries are geographically distant, they feel a deep sense of closeness. They also share the same religious faith, and based on these common spiritual values, they have been strengthening our cooperation in social and economic sectors. He is greatly honoured and delighted by the visit of the His Excellency to Buryatia.

In his speech, the Senior General also extended greetings. He said that now is his third visit to the beautiful and peaceful Republic of Buryatia, and each time he has arrived there, he feels a deep sense of tranquility. As a region where the majority of people practise Buddhism, Buryatia shares a strong spiritual and cultural connection with Myanmar. Religious exchanges between the two countries began in 2015 and have now lasted nearly a decade.

In addition to religious relations, both countries have also been cooperating in areas such as science and technology, industrial technology, and various other sectors. He expressed his firm belief that these collaborative efforts will continue to grow and strengthen in the future. Myanmar will continue to cooperate with the Russian Federation, including the Republic of Buryatia, in various sectors such as economy, healthcare, education, trade, and others. The Senior General extended his best wishes for the continued health, prosperity, and well-being of the Head of the Republic of Buryatia, as well as all the people of the region.

The Senior General, his wife and entourage had the dinner together with the Head of the Republic of Buryatia and officials.

During the dinner, traditional dance troupes from the National Theatre of the Republic of Buryatia presented songs and dances.

After the dinner, the Senior General and the Head of the Republic of Buryatia as well as the wife of the Senior General and the wife of the Head of the Republic of Buryatia exchanged gifts. The Senior General presented cash awards and gifts to the traditional dance troupe from the National Theatre. **100**

## Kyunhla Township to plant over 10,000 acres of pigeon peas this rainy season

KYUNHLA June 28

More than 11,000 acres of pigeon peas will be planted in Kyunhla Township, Kantbalu District, Sagaing Region in this rainy season, according to the Departmentof Agriculture for Kyunhla Township.

During the 2025-2026 rain crops planting season, Kyunhla Township is planned to plant 11,541 acres of pigeon peas, and the planting will begin from June to September this year.

"This year, we planned to plant more than 11,000 acres of pigeon peas in the rainy season. We will work to meet the target acres. We will also work to improve the yield of pigeon peas. We grow pigeon peas separately and also as a hybrid," said Daw Myint Myint Yi, head of the Department of Agriculture for Kyunhla Township.

This year, the Township Department of Agriculture will provide field education to farmers growing pigeon peas in Kyunhla Township on selecting good varieties, proper planting methods, pest prevention, and good yields.

**SMK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# တာမွေမြို့နယ်၌ သဘာဝဘေးလျော့ပါးရေး အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူ လူငယ်များ သဘာဝဘေးအန္တရာယ်ဆိုင်ရာများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်စေရန်နှင့် သဘာဝဘေးအန္တရာယ်များကျရောက်လာပါက ထိခိုက်နစ်နာဆုံးရှုံးမှုများ တတ်နိုင်သမျှလျော့နည်းစေရန် ရည်ရွယ်၍ ဇွန်လ ၂၇ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏စီစဉ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ပညာရေးဌာနတို့ ပူးပေါင်းပြီး သဘာဝဘေးလျော့ပါးရေး အသိပညာပေးဟောပြောပွဲကို တာမွေမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဖွဲ့ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီဦးက အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရိန်အောင်က မုန်တိုင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ဦးစီးမှူး ဦးစောမင်းလွင်က ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း အသိပညာပေးဟောပြောဆွေးနွေးကြသည်။ ဆက်လက်၍ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာများနှင့်ပတ်သက်၍ ထုတ်ဝေထားသည့်အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။ အဆိုပါအသိပညာပေးဟောပြောပွဲသို့ တာမွေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

# တွံတေးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်လှစ်

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂၇ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ တွံတေးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းရီက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးသန်းဝင်းလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးကိုယ်စား အထက်တန်းပြဆရာမ ဒေါ်တင်တင်လှိုင်က သင်တန်းဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါအခမ်းအနားသို့ တွံတေးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းရီနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ကျောင်းသား၊ ကျောင်းသူ ၃၈ ဦး တက်ရောက်ကြပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးသန်းဝင်းလှိုင်နှင့် နည်းပြ ၁၀ ဦးတို့က ရှေးဦးပြုစုခြင်းအကြောင်း သိကောင်းစရာများကို စာတွေ့လက်တွေ့ သုံးရက်ကြာ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

# ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်အောင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

မြန်အောင် ဇွန် ၂၈


ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် နွယ်ငြိမ်းတောင်ပေါ်ကျောင်းဝင်း၌ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၂၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် အဖွဲ့ဝင်များက သစ်ပင်စိုက်ပျိုးပွဲတက်ရောက်လာကြသူများကို ပျိုးပင်များ အသီးသီးပေးအပ်ပြီး တက်ရောက်လာကြသူများကလည်း သတ်မှတ်နေရာအသီးသီး၌ သစ်ပင်များစိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဒေသနှင့်ကိုက်ညီသည့် သစ်မျိုးများ၊ အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက်ဖူးပွင့်နိုင်သည့်အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများဖြစ်သည့် ကျွန်း၊ ပိတောက်၊ မန်ကျည်းရှား၊ ခရေ၊ ဗာဒံ စသည့်သစ်မျိုး ၁၁ မျိုး စုစုပေါင်း အပင် ၁၁၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်အောင်ရေနံမြေမှ ဝန်ထမ်းများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်အောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်အောင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နေခြည်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းလှိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

ဝင်းမိုလ်(မြန်အောင်)




# ဒေးဒရဲမြို့နယ်၌ မျှင်ငါးပိများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ဒေးဒရဲ ဇွန် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ဒေသထွက်မျှင်ငါးပိများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဒေးဒရဲမြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဆွေဆွေ၏ပြောဆိုချက်အရ သိရသည်။

ဒေးဒရဲမြို့နယ်၌ ဒေသထွက်မျှင်ငါးပိများ ဇွန်လဒုတိယပတ်မှစ၍ ဝယ်လိုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက်မျှင်ငါးပိများ တစ်ရက်လျှင် ပိဿာ ၃၅၀၀ မှ ၅၀၀၀ အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

လက်ရှိမျှင်ငါးပိတွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ ဒေသထွက်မျှင်ငါးပိတွေကို ဒေသဈေးကွက်အပြင် ဖျာပုံဘက်နဲ့ တခြားဒေသတွေက ဝယ်လိုအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်က မျှင်ငါးပိအရောင်းအဝယ်သမားတွေက ဒေသထွက်မျှင်ငါးပိတွေကို မှာယူတဲ့ဒေသအထိ လိုက်လံပို့ပေးတာပါ" ဟု ဒေါ်ဆွေဆွေက ပြောသည်။

ဒေးဒရဲမြို့နယ်၌ ငါးပိရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်မျှင်ငါးပိများကို စနစ်တကျထုပ်ပိုး၍ တခြားဒေသများသို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါမျှင်ငါးပိများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းလာသည့်အတွက် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများနှင့် လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

ကျော်ကျော်လင်း

# အီလက်ထရွန်နစ်အမှိုက်မှ ရွှေကိုထုတ်ယူနိုင်မည့်နည်းလမ်း ဩစတြေးလျသိပ္ပံပညာရှင်များတီထွင်



ကန်ဘာရာ၊ တီထွင်မှု

ဩစတြေးလျသိပ္ပံပညာရှင်များသည် အီလက်ထရွန်နစ်အမှိုက်များမှ ရွှေကိုရေရှည်ထုတ်ယူနိုင်မည့်နည်းလမ်းတစ်ခုကို တီထွင်လိုက်ကြောင်းသိရသည်။ အဆိုပါနည်းလမ်းကြောင့် တစ်ဖက်တွင် ရွှေကိုအလွယ်တကူထုတ်ယူနိုင်မည်ဖြစ်သည့်အပြင် အခြားတစ်ဖက်တွင်လည်း သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုကိုလျှော့ချနိုင်စေမည်ဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် အီလက်ထရွန်နစ်သုံးပစ္စည်းများမှထွက်ရှိသည့်အမှိုက်တန်ချိန် ၆၂ သန်းအထိရောက်ရှိခဲ့ကြောင်း၊ ယခုနည်းလမ်းအသစ်သည် ရွှေကိုပြန်လည်ဆယ်ယူရေးနှင့် ပတ်ဝန်းကျင်ကိုထိခိုက်မှုရှိစေသော ရွှေတူးဖော်ရေးအပေါ်မှီခိုနေရမှုကိုလျှော့ချနိုင်ရေး အလွန်ကောင်းမွန်သည့်နည်းလမ်းတစ်ခုဖြစ်ကြောင်း တောင်ဩစတြေးလျပြည်နယ်ရှိ ဖလင်ဒါတက္ကသိုလ်က ယခုသီတင်းပတ်အတွင်းထုတ်ပြန်သောထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုနည်းလမ်းမှာ အလွယ်တကူရရှိနိုင်သည့် ပိုးသတ်ပစ္စည်းတစ်မျိုးဖြစ်သော ထရိုင်ကလိုရိုင်ဆိုဆိုင်ရာနေ့ာရစ်အက်စစ်အသုံးပြုပြီး ရွှေကိုအရည်ပျော်အောင်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ယင်းနည်းလမ်းမှနေ၍ ဆိုင်ရာနိုက် သို့မဟုတ် မာကျူရီများထွက်ပေါ်လာစေခြင်းမရှိကြောင်း၊ ထိုနည်းလမ်းကို ရွှေသန့်စင်ရာတွင်လည်း အသုံးပြုနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ဟုသိရသည်။

Ref: Xinhua

# ပါကစ္စတန်၌ ရုတ်တရက်ရေကြီးမှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကလေး ၁၆ ဦးအပါအဝင် လူ ၃၂ ဦးသေဆုံး

ပက်ရှဝါ၊ သဘာဝဘေး



ပါကစ္စတန်နိုင်ငံ၌ ယခုသီတင်းပတ်အတွင်း ရုတ်တရက်ရေကြီးမှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကလေးငယ် ၁၆ ဦးအပါအဝင် လူ ၃၂ ဦးသေဆုံးကြောင်း သဘာဝဘေးစီမံခန့်ခွဲရေးတာဝန်ရှိသူများက ဇွန်လ ၂၈ ရက်တွင်ထုတ်ပြန်ထားသည်။

သဘာဝဘေးကြောင့်သေဆုံးရသူများထဲတွင် ရေကြီးမှုနှင့်ဆက်စပ်၍ဖြစ်ပွားသည့် နံရံပြိုကျမှုများနှင့် မိုးကြီးမှုနှင့်ဆက်စပ်၍ဖြစ်ပွားသည့် အိမ်ခေါင်မိုးပြိုကျမှုများကြောင့် သေဆုံးသူများလည်းပါဝင်ကြောင်း သက်ဆိုင်ရာဒေသများမှတာဝန်ရှိသူများကပြောသည်။

ထို့ပြင် ပါကစ္စတန်နိုင်ငံအတွင်း မိုးကြီးမှုနှင့် ရေကြီးမှုတို့သည် ဇူလိုင်လ ၁ ရက်အထိ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

ပါကစ္စတန်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်သည့် သဘာဝဘေးကိုအဆိုးဆုံးခံစားရသောနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။

ပြီးခဲ့သည့်မေလတွင် ထိုနိုင်ငံ၌ မိုးသက်မုန်တိုင်းများကျရောက်ခြင်း၊ မိုးသီးများကြွေကျခြင်းတို့အပါအဝင် ပြင်းထန်သည့်မိုးလေဝသဖြစ်စဉ်များကြောင့် အနည်းဆုံးလူ ၃၂ ဦးသေဆုံးထားကြောင်းသိရသည်။

Ref: TST

# ယူကရိန်းနှင့်တတိယအကြိမ်ဆွေးနွေးမှုအတွက် ရုရှားအသင့်ပြင်ဆင်နေ

မော်စကို၊ နိုင်ငံရေး

ယူကရိန်းနိုင်ငံနှင့် တတိယအကြိမ်လုပ်ဆောင်မည့်ဆွေးနွေးမှုအတွက် ရုရှားနိုင်ငံက အသင့်ပြင်ဆင်နေကြောင်းနှင့် ယခုတစ်ကြိမ်ဆွေးနွေးမှုသည် ပဋိပက္ခကိုဖြေရှင်းနိုင်ရေးအတွက် အဆိုပြုထားသော သဘောတူညီချက်မူကြမ်းများကိုဗဟိုပြုမည်ဖြစ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ဇွန်လ ၂၇ ရက်တွင်ပြောသည်။

ထို့ပြင် နှစ်နိုင်ငံစလုံးမှ စေ့စပ်ညှိနှိုင်းဆွေးနွေးရေးခေါင်းဆောင်များအနေဖြင့် အဆက်အသွယ်မပြတ်ရှိကြောင်း၊ တယ်လီဖုန်းဖြင့်လည်း ပုံမှန်ဆက်သွယ်ပြောဆိုနေကြောင်း၊ တတိယအကြိမ်ဆွေးနွေးမှုလုပ်မည့် နေရာနှင့်အချိန်တို့ကိုသတ်မှတ်ရန်ကျန်ရှိကြောင်း ယူ့ရေးရားစီးပွားရေးကောင်စီထိပ်သီးအစည်းအဝေးပြီးနောက် ပူတင်ကပြောထားခြင်းဖြစ်သည်။

နှစ်နိုင်ငံစလုံးကအဆိုပြုထားသည့် မတူညီသောသဘောတူညီချက်မူကြမ်းများရှိကြောင်း၊ ယခုဆွေးနွေးမှုတွင် ထိုမူကြမ်းနှစ်ခုကြားကွဲလွဲချက်များ နည်းပါးနိုင်ရေးအဓိကဦးစားပေးဆွေးနွေးသွားမည်ဖြစ်ကြောင်း ပူတင်ကပြောထားသည်။ Ref: RT

## သတင်းတိုကဏ္ဍ

### ပါကစ္စတန်တာလီဘန်တို့၏ အသေခံဗုံးခွဲမှုကြောင့် ၁၆ ဦးသေဆုံးပြီး ၂၀ ကျော်ဒဏ်ရာရ

ပါကစ္စတန်နိုင်ငံ၌ ပါကစ္စတန်တာလီဘန်တို့၏ အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုကြောင့် စစ်သည် ၁၆ ဦးသေဆုံးပြီး စစ်သည်များနှင့်အရပ်သားများအပါအဝင် လူ ၂၀ ကျော်ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများကပြောသည်။

ဇွန်လ ၂၈ ရက်တွင် ခိုင်ဘာပတ်တန်ခွာပြည်နယ်ရှိ မြောက်ဝါဇီရစ္စတန်ခရိုင်၌ ဖောက်ခွဲရေးပစ္စည်းများကိုတင်ဆောင်လာသော ကားတစ်စီးသည် စစ်ယာဉ်တန်းတစ်ခုကို ဝင်တိုက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

အသေခံဗုံးခွဲတိုက်ခိုက်မှုမှထွက်ပေါ်လာသောပေါက်ကွဲမှုကြောင့် နေအိမ်နှစ်လုံး၏အမိုးများပြိုကျပြီး ကလေးငယ်ခြောက်ဦးဒဏ်ရာရရှိကြောင်း ရဲအရာရှိတစ်ဦးက လူမှုကွန်ရက်တွင် တင်ထားသည်။

၂၀၂၁ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်တို့အာဏာပြန်ရပြီးနောက် ပါကစ္စတန်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ တိုးမြင့်ဖြစ်ပွားလာနေခြင်းဖြစ်ကြောင်း ပါကစ္စတန်အစိုးရကပြောသည်။

Ref: SCMP

### အစ္စရေးနှင့်ဟားမတ်တို့အနေဖြင့် စစ်ပြေငြိမ်းရေး အခွင့်အရေးကိုအရယူရန် ကာတာတိုက်တွန်း

အစ္စရေးနှင့် ဟားမတ်တို့အနေဖြင့် နှစ်ဖက်အဖွဲ့ကြား စစ်ပြေငြိမ်းရေးအတွက် ယခုသီတင်းပတ်အတွင်းရရှိသော အပစ်အခတ်ရပ်စဲရေးမှတစ်ဆင့် အခွင့်အရေးကိုအရယူရန် ကာတာအစိုးရက ဇွန်လ ၂၇ ရက်တွင်တိုက်တွန်းထားသည်။

အစ္စရေးနှင့်ဟားမတ်တို့သည် ဇွန်လ ၂၄ ရက်တွင် အမေရိကန်နှင့်ကာတာတို့၏ကြားဝင်စေ့စပ်ပေးမှုဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုအခါ ထိုသဘောတူညီချက်၏အရှိန်ကိုဆက်ထိန်းကာ နှစ်ဖက်အဖွဲ့ကြားစစ်ပြေငြိမ်းရေးရရှိသည်အထိ ဆက်လက်လုပ်ဆောင်နိုင်ရေးအတွက် အခွင့်အရေးကောင်းကို အရယူရမည်ဖြစ်ပြီး ထိုအခွင့်အရေးကိုလက်လွှတ်လိုက်ပါကနောင်တစ်ချိန်တွင် အလားတူအခွင့်အရေးပြန်ရနိုင်မည်မဟုတ်ကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူကပြောသည်။ တစ်ချိန်တည်းမှာပင် ထိုနှစ်ဖွဲ့ကြားတွင် နောက်ထပ်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိနိုင်ဖွယ်ရှိကြောင်း အမေရိကန်သမ္မတကပြောထားသည်။

Ref: TST

### ဖိလစ်ပိုင်တောင်ပိုင်း၌ အင်အားအသင့်အတင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ဇွန်လ ၂၈ ရက်နံနက်ပိုင်းတွင် အင်အားအသင့်အတင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ကြောင်း မီးတောင်နှင့်မြေငလျင်ဌာနက ထုတ်ပြန်ထားသည်။ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ ရေပြင်ကိုဗဟိုပြု၍လှုပ်ခတ်သော အဆိုပါငလျင်သည် ပြင်းအား ၆ ဒသမ ၁ ရစ်(ခ်)တာစကေးရှိကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

နံနက် ၇ နာရီ ၇ မိနစ်တွင်လှုပ်ခတ်သော အဆိုပါငလျင်သည် ဒါဗာအိုပြည်နယ် ဆာရန်ဂါနီမြို့၏ အရှေ့တောင်ဘက် ၈၅ ကီလိုမီတာအကွာရှိ မြေအောက်အနက် ၇၉ ကီလိုမီတာကိုဗဟိုပြု၍ လှုပ်ခတ်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုငလျင်လှုပ်ခတ်မှုမှ နောက်ဆက်တွဲငလျင်ငယ်များလှုပ်ခတ်နိုင်သော်လည်း ဆူနာမီလှိုင်းရိုက်ခတ်မှုဖြစ်ပေါ်စေနိုင်သည်အထိမဖြစ်နိုင်ကြောင်း၊ လက်ရှိတွင် ထိုငလျင်ကြောင့် ထိခိုက်ပျက်စီးမှုရှိသည်ဟုသတင်းမရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ဟုသိရသည်။

Ref: Xinhua

### ကွန်ဂိုနှင့်ရဝမ်ဒါတို့က သမိုင်းဝင်ငြိမ်းချမ်းရေး သဘောတူညီချက်ကို လက်မှတ်ထိုး

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံတို့က သမိုင်းဝင်ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ခုကို ဇွန်လ ၂၇ ရက်တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌လက်မှတ်ရေးထိုးလိုက်ကြောင်းသိရသည်။

ထိုငြိမ်းချမ်းရေးသဘောတူစာချုပ်နှင့်အတူ သမိုင်းစာမျက်နှာအသစ်ကိုဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ ထိုစာချုပ်သည် ကတိပြုမှုတစ်ခုဖြစ်သည်သာမကဘဲ ရဲစွမ်းသတ္တိကို ပြသခြင်းလည်းဖြစ်ကြောင်း ကွန်ဂိုနိုင်ငံခြားရေးဝန်ကြီး သီရီဆီဝက်နာကပြောသည်။

သဘောတူညီချက်ကိုလက်မှတ်ထိုးပြီးသည့်အချိန်မှစ၍ ကွန်ဂိုနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံတို့ကြား ဆယ်စုနှစ်များစွာကြာဖြစ်ပွားနေသည့် ပဋိပက္ခများ ချုပ်ငြိမ်းသွားပြီဖြစ်ကြောင်း၊ ထိုသဘောတူညီချက်တွင် တစ်နိုင်ငံ၏အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားရမည်နှင့် ရန်စမှုများကို ရပ်တန့်ရမည်ဟုပါရှိကြောင်းသိရသည်။

Ref: Xinhua

## ခရစ္စတယ်ပဲလေ့စ်အသင်းအား ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့် ပြု မပြုဆုံးဖြတ်ချက်ကို ဥရောပဘောလုံးအဖွဲ့ချုပ်ရွှေ့ဆိုင်း



နီယွန် ဇွန် ၂၈

ဥရောပဘောလုံးအဖွဲ့ချုပ်(UEFA)က ခရစ္စတယ်ပဲလေ့စ်အသင်းအား ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ပြု မပြုဆုံးဖြတ်ချက်ကို ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အမှတ်ပေးဇယားအဆင့်(၁၂)နေရာ၌သာ ရပ်တည်နိုင်ခဲ့သော်လည်း အက်ဖ်အေဖလားဆွတ်ခူးနိုင်ခဲ့သည့်အတွက် အသင်းသမိုင်းတစ်လျှောက် ပထမအကြိမ် အဓိကဆုဖလားဆွတ်ခူးနိုင်ပြီးနောက် လာမည့်ဘောလုံးရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိမည်ဖြစ်သည်။

သို့သော် ခရစ္စတယ်ပဲလေ့စ်အသင်းပိုင်ရှင် ဂျွန်တက်တာက ပြင်သစ်ကလပ် လိုင်ယွန်အသင်းကိုလည်း ပိုင်ဆိုင်ထားသည့်အတွက် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် လိုင်ယွန်အသင်းတို့သည် ကလပ်အသင်းပိုင်ရှင်တူအသင်းများဖြစ်သောကြောင့် ဥရောပဘောလုံးအဖွဲ့ချုပ်၏ ကလပ်အသင်းပိုင်ရှင်တူစည်းမျဉ်းနှင့် ငြိစွန်းနေသဖြင့် ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်ရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ဥရောပဘောလုံးအဖွဲ့ချုပ်၏ ကလပ်အသင်းပိုင်ရှင်တူစည်းမျဉ်းအရ ကလပ်အသင်းနှစ်သင်းအနေဖြင့် ပြိုင်ပွဲတစ်ခုတည်းကို ဝင်ရောက်ခွင့်ရရှိမည်မဟုတ်ဘဲ သက်ဆိုင်ရာအမှတ်ပေးပြိုင်ပွဲတွင် အမှတ်ပေးဇယားအဆင့်ရပ်တည်မှုမြင့်မားသည့်အသင်းကသာ ပြိုင်ပွဲဝင်ခွင့်ရရှိမည်ဟုပါရှိသည့်အတွက် ခရစ္စတယ်ပဲလေ့စ်အသင်းသည် လိုင်ယွန်အသင်းထက် အမှတ်ပေးဇယားအဆင့်ရပ်တည်မှုနိမ့်ကျနေသောကြောင့် ပြိုင်ပွဲမှ ထုတ်ပယ်ခံရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ဂျွန်တက်တာက ခရစ္စတယ်ပဲလေ့စ်အသင်း ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိစေရန်အတွက် အသင်းရှယ်ယာ ၄၃ ရာခိုင်နှုန်းကို New York Jets Group ထံ စတာလင်ပေါင် သန်း ၁၉၀ ဖြင့်ရောင်းချရန် သဘောတူညီမှုရရှိခဲ့သည်ဟု အတည်ပြုထားသော်လည်း ဥရောပဘောလုံးအဖွဲ့ချုပ်က ခရစ္စတယ်ပဲလေ့စ်အသင်းအား ဝင်ခွင့်ပြု၊ မပြုကို အသေးစိတ်စစ်ဆေးမှုများပြုလုပ်ပြီး ဆုံးဖြတ်မည်ဖြစ်သည်။

ဥရောပဘောလုံးအဖွဲ့ချုပ်သည် အစောပိုင်းက ခရစ္စတယ်ပဲလေ့စ်အသင်းအား ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ပြု၊ မပြုကို ဇွန်လ ၂၇ ရက်တွင် ဆုံးဖြတ်ရန်စီစဉ်ထားသော်လည်း ယခုအခါ ဇူလိုင်လ ၁၀ ရက်သို့ ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။ *Ref;Fabrizio Romano*

## လီဗာပူးအသင်းက စတုတ္ထမြောက်ကစားသမားခေါ်ယူမှုအဖြစ် ဂူအီကိုခေါ်ယူရန်ကြိုးပမ်းနေ

လန်ဒန် ဇွန် ၂၈

လီဗာပူးအသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် စတုတ္ထမြောက်ကစားသမားခေါ်ယူမှုအဖြစ် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ခံစစ်ကစားသမားဂူအီကိုခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

လီဗာပူးအသင်းသည် လာမည့်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ချန်ပီယံဆုကို ကာကွယ်နိုင်ရန်နှင့် တခြားဆုဖလားများကိုစိန်ခေါ်နိုင်ရန် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူမှုများလုပ်ဆောင်လျက်ရှိပြီး လက်ရှိတွင် လေဗာကူဆင်အသင်းမှ ဖလိုရီယန်ဝက်ဇ်နှင့် ဖရန်ပေါင်၊ ဘုန်းမောက်အသင်းမှ ကာကက်ဇ်တို့ကို ခေါ်ယူနိုင်ခဲ့ပြီးနောက် ယခုအခါ ဂူအီကိုခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဂူအီနှင့် ခရစ္စတယ်ပဲလေ့စ်အသင်း စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး ခရစ္စတယ်ပဲလေ့စ်အသင်းက လက်မလွှတ်လိုသောကြောင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုသော်လည်း ဂူအီကိုယ်တိုင်က လက်ရှိအပြောင်းအရွှေ့ကာလတွင်ပင် အသင်းမှ ထွက်ခွာလိုသည့်အတွက် မဖြစ်မနေလက်လွှတ်ရဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

## လိုင်လီအသင်းက လော့စ်အိန်ဂျလိစ်အက်ဖ်စီအသင်းမှ တိုက်စစ်ကစားသမားဂီးရော့ဒ်ကိုခေါ်ယူရန် သဘောတူညီမှုရရှိ

ပါရီ ဇွန် ၂၈

လိုင်လီအသင်းက မေဂျာလိဂ်ကလပ် လော့စ်အိန်ဂျလိစ်အက်ဖ်စီအသင်းမှ ဝါရင့်တိုက်စစ်ကစားသမား ဂီးရော့ဒ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၃၈ နှစ်အရွယ် ဂီးရော့ဒ်သည် ဥရောပထိပ်တန်းကလပ်အသင်းကြီးများဖြစ်သည့် အာဆင်နယ်အသင်း၊ ချယ်လ်ဆီးအသင်းနှင့် အေစီမီလန်အသင်းတို့တွင် ကစားပြီးနောက် ၂၀၂၄ ခုနှစ် ဇူလိုင်လက အေစီမီလန်အသင်းမှ လော့စ်အိန်ဂျလိစ်အက်ဖ်စီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဂီးရော့ဒ်နှင့် လော့စ်အိန်ဂျလိစ်အက်ဖ်စီအသင်းတို့၏စာချုပ်သက်တမ်းမှာ ယခုနှစ် ဒီဇင်ဘာလကုန်မှသာ ကုန်ဆုံးမည်ဖြစ်သော်လည်း ဂီးရော့ဒ်ကိုယ်တိုင်က မေဂျာလိဂ်ပြိုင်ပွဲတွင် ကစားရသည်မှာ အဆင်ပြေမှုမရှိသည့်အတွက် ဥရောပမှ ကလပ်အသင်းတစ်သင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် လော့စ်အိန်ဂျလိစ်အက်ဖ်စီအသင်းနှင့် လက်ကျန်စာချုပ်ဖျက်သိမ်းပြီး ထွက်ခွာရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

လိုင်လီအသင်းကလည်း အသင်းတိုက်စစ်ပိုင်းတွင် ဂျိုနသန်ဒေးဗီးအနေဖြင့် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာမည်ဖြစ်သည့်အတွက် ၎င်းနေရာ၌အစားထိုးရန်အတွက် ကစားသမားရှာဖွေခဲ့ရာမှ ဂီးရော့ဒ်ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ဂီးရော့ဒ်သည် လော့စ်အိန်ဂျလိစ်အက်ဖ်စီအသင်းနှင့်အတူ နှစ်ရာသီအတွင်း ပြိုင်ပွဲစုံ ၃၇ ပွဲကစားရာတွင် ငါးဂိုးသွင်းယူနိုင်ပြီး ယူအက်စ်အိုးပင်းဆုဖလားဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*



## နော့တင်ဟမ်အသင်းက အိမ်ကွင်းတိုးချဲ့တည်ဆောက်ရန် စီမံကိန်းခွင့်ပြုမိန့်ရရှိသည့်အတွက် မကြာမီ အဆင့်မြှင့်တင်မှုများလုပ်ဆောင်မည်

လန်ဒန် ဇွန် ၂၈

နော့တင်ဟမ်အသင်းက အသင်းအိမ်ကွင်း City Ground အားကစားကွင်းကို တိုးချဲ့တည်ဆောက်ရန် မြို့တော်ကောင်စီထံမှ စီမံကိန်းခွင့်ပြုမိန့်ရရှိပြီဖြစ်သည့်အတွက် မကြာမီ အဆင့်မြှင့်တင်မှုများလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

နော့တင်ဟမ်အသင်းက အသင်းအိမ်ကွင်း City Ground အားကစားကွင်းကို ပရိသတ်ဦးရေ ၁၀၀၀၀ ထပ်မံဝင်ဆံ့နိုင်စေရန် ကွင်းတိုးချဲ့မည့်စီမံကိန်းကို မြို့တော်ကောင်စီထံတင်ပြထားခဲ့ရာမှ ယခုအခါ ခွင့်ပြုမိန့်ရရှိပြီဖြစ်သည့်အတွက် မကြာမီ အဆင့်မြှင့်တင်မှုများ လုပ်ဆောင်မည်ဖြစ်သည်။

လက်ရှိ နော့တင်ဟမ်အသင်း၏ အိမ်ကွင်း City Ground အားကစားကွင်းသည် ပရိသတ်ဦးရေ ၂၅၀၀၀ သာဝင်ဆံ့နိုင်သည့် အားကစားကွင်းဖြစ်ပြီး အိမ်ကွင်းကို ပရိသတ်ဦးရေ ၁၀၀၀၀ ထပ်မံဝင်ဆံ့နိုင်စေရန် အဆင့်မြှင့်တင်မှုများလုပ်ဆောင်မည်ဖြစ်သည်။

နော့တင်ဟမ်အသင်းက အိမ်ကွင်း City Ground အားကစားကွင်းကို တိုးချဲ့တည်ဆောက်ခွင့်ရရှိရန်အတွက် ၂၀၁၉ ခုနှစ်ကတည်းက စီမံကိန်းကို မြို့တော်ကောင်စီထံ ခွင့်ပြုမိန့်ရရှိရန် တင်ပြထားသော်လည်း ခွင့်ပြုမိန့်ရရှိရန် ကြန့်ကြာနေခဲ့ပြီး ယခုအခါမှသာ ခွင့်ပြုမိန့်ရရှိခဲ့ခြင်းဖြစ်သည်။

နော့တင်ဟမ်အသင်းအနေဖြင့် အသင်းပွဲကြည့်စင်များကို ဖြိုဖျက်ကာ အဆင့်မြှင့်တင်မှုလုပ်ဆောင်ရမည်ဖြစ်သည့်အတွက် စတာလင်ပေါင် သန်း ၁၃၀ ခန့် ကုန်ကျဖွယ်ရှိနေသည်။

နော့တင်ဟမ်အသင်းသည် လာမည့်ဘောလုံးရာသီတွင်လည်း ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲကို ဝင်ရောက်ကစားခွင့်ရရှိထားသည့်အတွက် အသင်းအိမ်ကွင်းအဆင့်မြှင့်တင်မှုများကို အမြန်ဆုံးလုပ်ဆောင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

*Ref;Goal.com*

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့်ဆုပေးပွဲကျင်းပ




နေပြည်တော် ဇွန် ၂၈

ပိုက်ကျော်ခြင်းအားကစားနည်းမှပဏာမလက်ရွေးစင် အားကစားသမားများအား လက်ရည်ဆန်းစစ်ခြင်းနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၌ ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲဝင်းထွဋ်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

ယနေ့ပြိုင်ပွဲပွဲစဉ်များအဖြစ်(အမျိုးသား/အမျိုးသမီး) ပိုက်ကျော်ခြင်း လေးယောက်တွဲပြိုင်ပွဲနှင့် ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ ပွဲစဉ်များကို အသီးသီးယှဉ်ပြိုင်ခဲ့ကြပြီးနောက် ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန် YRG ကလပ်အသင်းအားကစားသမားများကို မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲဝင်းထွဋ်တင်ကလည်းကောင်း၊ (အမျိုးသမီး)လေးယောက်တွဲပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးကလည်းကောင်း၊ (အမျိုးသား) လေးယောက်တွဲပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း၊ (အမျိုးသား/အမျိုးသမီး) ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ဆုရရှိကြသူများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ကလည်းကောင်း ဂုဏ်ပြုဆုနှင့် ငွေသားများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါပဏာမလက်ရွေးစင်အားကစားသမားများအား လက်ရည်ဆန်းစစ်ခြင်းနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပဏာမလက်ရွေးစင် Gold Camp မှ အားကစားသမား ၂၄ ဦး၊ Youth Camp မှ အားကစားသမား ခြောက်ဦးနှင့် ရန်ကုန် YRG ကလပ်အသင်းမှ အားကစားသမား ၁၈ ဦး စုစုပေါင်း ၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ကဝမြို့နယ်ရှိ ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကွင်းဆင်းဆောင်ရွက်ပေး



ပဲခူး ဇွန် ၂၈

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပဲခူးမြို့ ခုတင်–၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် ကဝမြို့နယ် အုန်းနဲ့တိုက်နယ်ဆေးရုံသို့ သွားရောက်၍ ကဝမြို့နယ်အတွင်းရှိရဟန်း၊ ရှင်၊ လူပြည်သူများအား ဆေးကုသမှုပြုလုပ်ပေးနေမှုကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးများက ရဟန်း၊ ရှင်၊ လူပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး ဆေးကုသမှုလာရောက်ခံယူနေကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ဆေးကုသမှုများပြုလုပ်ပေးရာတွင်ပဲခူးမြို့ ခုတင်–၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာဇော်လွင်ဦးဆောင်သော ဖျားနာ၊ ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အကြောအဆစ်၊ အရေပြား၊ သွားခံတွင်း၊ ခါတ်မှန် စသည့် ဘာသာရပ် ၁၀ ခုမှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ကုသရေးဦးစီးဌာန၏ မူဝါဒများ၊ ရည်မှန်းချက်များဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ လွှမ်းခြုံမှုတိုးတက်ရေး၊ ပြည်သူ့ဆေးရုံများ၏ကုသမှုအရည်အသွေးမြင့်မားရေးနှင့်အညီ ဆေးရုံအခြေပြုကုသရေးလုပ်ငန်းများတိုးချဲ့ကာကျေးလက်ဒေသအထိ ကွင်းဆင်းဆေးကုသမှုဆောင်ရွက်ပေးကြခြင်းဖြစ်ကာ ခွဲစိတ်ရောဂါလူနာ ၂၅ ဦး၊ ကလေးလူနာ ၂၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းလူနာ ၂၀ ဦး၊ မျက်စိလူနာ ၄၂ ဦး၊ အရိုးအကြောလူနာ၄၈ ဦး၊ အရေပြားလူနာ ငါးဦး၊ သွားလူနာ ၁၈ ဦး၊ သားဖွားမီးယပ်လူနာ ၃၇ ဦး၊ ဖျားနာလူနာ ၂၆၀ ဦးနှင့် Ultrasoundလူနာ၅၀ ဦး စုစုပေါင်းလူနာ ၅၂၈ ဦးအား ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ကဝမြို့နယ် အလယ်ရွာကျေးရွာ၌ "ပန်းပျိုးသူ"စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး "ပန်းပျိုးသူ" စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးတို့က စာကြည့်တိုက်အတွင်းသို့ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သုတ/ရသ စာအုပ်စာဆောင်များနှင့် အလှူငွေကျပ်သိန်း ၃၀ ပေးအပ်ခဲ့ကာ လူငယ်များ စာကြည့်တိုက်သို့ လာရောက်စေရေး အလေးထားစည်းရုံးဆောင်ရွက်ရန် စာကြည့်တိုက်ကော်မတီဝင်များအား မှာကြားခဲ့ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၈

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ်(2025 International Olympic Day) ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗန်းရှင်းစင်တာ(MCC)ခန်းမ၌ကျင်းပသည်။




ရှေးဦးစွာ အမျိုးသားကာယဗလမောင် up to 65 kg ပြိုင်ပွဲ၊ အမျိုးသားကာယဗလမောင် up to 75 kg ပြိုင်ပွဲ၊ အမျိုးသား Athletic Physique(open)ပြိုင်ပွဲ၊ အမျိုးသမီး Athletic Physique (open)၊ အမျိုးသမီး Model Physique(open)၊ အမျိုးသား Sport Physique (open)၊ အမျိုးသားကာယဗလမောင် up to 80 kg and over 80 kg ပြိုင်ပွဲများကျင်းပရာ ပြိုင်ပွဲဝင်အားကစားသမားများက သတ်မှတ်ကိုယ်ဟန် ခုနစ်မျိုးဖြင့် ခန္ဓာကိုယ်အချိုးအစားကျစ်လျစ်ခိုင်မာမှုကို လှစ်ထုတ်ပြသယှဉ်ပြိုင်ကြသည်။

ထိုနောက်ဗိုလ်လုပွဲတွင်ပဏာမရွေးချယ်ခံရသောအားကစားသမားများက ခန္ဓာကိုယ်အချိုးအစားကျစ်လျစ်ခိုင်မာမှုကို နောက်ခံတေးဂီတနှင့်အတူ တစ်ဦးချင်းစိတ်ကြိုက်ကိုယ်ဟန်နှင့်သတ်မှတ်ကိုယ်ဟန် ခုနစ်မျိုးဖြင့် လှစ်ထုတ်ပြသယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီးဆုချီးမြှင့်ပွဲကိုကျင်းပရာ အမျိုးသားကာယဗလမောင် up to 65 kg ပြိုင်ပွဲ၊ အမျိုးသားကာယဗလမောင် up to 75 kg ပြိုင်ပွဲ၊ အမျိုးသား Athletic Physique (open)ပြိုင်ပွဲ၊ အမျိုးသမီး Athlitic Physique(open)ပြိုင်ပွဲ၊ အမျိုးသမီး Model Physique (open)ပြိုင်ပွဲ၊ အမျိုးသား Sport Physique(open)ပြိုင်ပွဲ၊ အမျိုးသားကာယဗလမောင် up to 80 kg and over 80 kg ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး(မြို့တော်ဝန်)ဦးဗိုလ်ဌေး၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်)ဦးညီညီနှင့်တာဝန်ရှိသူတို့က ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဝန်းရုံခ**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | | |
|---|---|---|---|
| ၂၈–၆–၂၀၂၅ | | ဟုမ္မလင်း | ၅ ဒသမ ၃၂ လက်မ |
| ဘီးလင်း | ၇ ဒသမ ၄၀ လက်မ | ပေါင် | ၅ ဒသမ ၀၄ လက်မ |
| ဘားအံ | ၆ ဒသမ ၄၆ လက်မ | သိမ်ဇရပ် | ၄ ဒသမ ၈၈ လက်မ |
| (စိုက်ပျိုးရေးမိုးလေဝသ) | | ကော့ကရိတ် | ၄ ဒသမ ၆၁ လက်မ |
| စစ်တွေ | ၅ ဒသမ ၆၃ လက်မ | ကိုကိုးကျွန်း | ၄ ဒသမ ၄၆ လက်မ |
| ဘားအံ | ၅ ဒသမ ၅၅ လက်မ | ငပုတော | ၂ ဒသမ ၉၅ လက်မ |

# သက်ရှည်ကျန်းမာစွာအိုမင်းခြင်းကိုအထောက်အကူဖြစ်စေသော အလေ့အကျင့်များ

အိုမင်းခြင်းသည် လူတိုင်းတွေ့ကြုံရမည့် ဘဝ၏သဘာဝအစိတ်အပိုင်းတစ်ခုဖြစ်သည်။ သို့သော် လူတို့သည် ဘဝလမ်းခရီးတစ်လျှောက်တွင် မိမိကိုယ်မိမိ ဂရုစိုက်ထိန်းသိမ်းသည့်ပုံစံပေါ် မူတည်၍ အသက်အရွယ်နှင့်ခန္ဓာကိုယ်အနေအထားသည် တစ်ဦးနှင့်တစ်ဦး မတူကွဲပြားသည်ကိုတွေ့ရသည်။ သို့သော်လည်း ကျန်းမာစွာအိုမင်းခြင်းသည် ဘဝတွင်နေထိုင်ရသည့်နှစ်များ ထပ်တိုးခြင်းမျှသာမဟုတ်ဘဲ နေ့စဉ်ဘဝတွင် ပျော်ရွှင်မှု၊ တက်ကြွမှု၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မှု၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်းတို့နှင့် ပြည့်စုံမှုရှိခြင်းတို့ပါဝင်သည်။ ကျန်းမာစွာအိုမင်းခြင်းသည် အသက်ကြီးလာသည်နှင့်အမျှ အကောင်းဆုံးသောရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာမှုကို ထိန်းသိမ်းနိုင်သည့် လုပ်ငန်းစဉ်ဖြစ်သည်။

လူ့သက်တမ်း၏ ၂၅ ရာခိုင်နှုန်းသည် မျိုးရိုးဗီဇအားဖြင့် ဆုံးဖြတ်သည်ဟု ပညာရှင်များက ခန့်မှန်းကြသည်။ အသက်ပိုရှည်ပြီး သက်ရှည်ကျန်းမာစွာနေထိုင်ခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်းတွင် မျိုးရိုးဗီဇထက် အလေ့အထများက ပိုမိုလွှမ်းမိုးမှုရှိကြောင်း သိရသည်။ အများစုသည် ကောင်းမွန်သောဘဝအရည်အသွေးကို ခံစားရင်း အသက်ပိုရှည်ချင်ကြသည်။ သက်ရှည်ကျန်းမာစေရန်အတွက် အာဟာရပြည့်ဝသောအစားအစာ၊ ပုံမှန်ကိုယ်လက်လှုပ်ရှားမှု၊ လုံလောက်သောအိပ်စက်ခြင်း၊ စိတ်ဖိစီးမှုကို စီမံခန့်ခွဲခြင်း အပါအဝင် ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများကို ဦးစားပေးရွေးချယ်လုပ်ဆောင်ရန် လိုအပ်သည်။ ထို့ပြင် ကျန်းမာသောကိုယ်အလေးချိန်ကို ထိန်းသိမ်းခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် အရက်အလွန်အကျွံသောက်သုံးခြင်းကဲ့သို့ အန္တရာယ်ရှိသော အလေ့အထများကို ရှောင်ကြဉ်ခြင်း၊ ဦးနှောက်ကိုလှုံ့ဆော်ပေးသည့်လှုပ်ရှားမှုများတွင် ပါဝင်ခြင်းနှင့် အပြုသဘောဆောင်သော လူမှုဆက်ဆံရေးများကို မွေးမြူခြင်းတို့သည် အသက်ရှည်ခြင်းကို အထောက်အကူပြုသည်။

ကျန်းမာစွာအိုမင်းခြင်း၏ အရေးကြီးသောအချက်တစ်ခုမှာ ခန္ဓာကိုယ်သန်မာပြီး ခံနိုင်ရည်ရှိရန်လိုအပ်သော အာဟာရဓာတ်များရရှိရန် လိုအပ်သည်။ မျှတသောအစားအစာသည် အခြေခံလိုအပ်ချက်ဖြစ်သော်လည်း မှန်ကန်သောဖြည့်စွက်စာများသည် အသက်ရှည်ခြင်းနှင့် အလုံးစုံကျန်းမာရေးကို ပံ့ပိုးပေးရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်သည်ဟု အစားအသောက်ပညာရှင်များက သဘောတူလက်ခံကြသည်။ အထူးသဖြင့် အပင်အခြေခံအစားအစာများကို သတိရှိစွာစားသုံးခြင်းသည် နာတာရှည်ရောဂါများဖြစ်နိုင်ခြေကို လျော့နည်းစေကြောင်း တွေ့ရှိလာကြသည်။

**အစားအစာကို**
**သတိဖြင့် ဆင်ခြင်စားသောက်ခြင်း**

ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကိုစားခြင်းသည် နာတာရှည်ရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးပြီး အိုမင်းရင့်ရော်မှုဖြစ်စဉ်ကို နှေးကွေးစေခြင်းဖြင့် အသက်ရှည်ခြင်းကို အကျိုးသက်ရောက်စေသည်။ အထူးသဖြင့် သီးနှံများ၊ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များ၊ အခွံမာသီးများနှင့်ပဲအမျိုးမျိုးကြွယ်ဝသော အစားအစာများသည် သက်တမ်းပိုရှည်ခြင်းနှင့် ဆက်စပ်နေသည်။ ထို့ပြင် ပြုပြင်ပြီးသားအစားအစာများ၊ အနီရောင်အသားများနှင့် သကြားပါသောအဖျော်ယမကာများကို ကန့်သတ်စားသုံးခြင်းသည် အသက်ပိုရှည်၍ ကျန်းမာသောဘဝကို အထောက်အကူဖြစ်စေသည်။ အပင်အခြေခံအစားအစာများသည် အသက်ရှည်စေရန်အတွက် အထူးကောင်းမွန်သော အစားအစာများဖြစ်သည်။ JAMA Network Open တွင် ထုတ်ဝေသည့်လေ့လာမှုတစ်ခုအရ အနီရောင်အသားနှင့် ပြုပြင်ထားသောအသားများကိုလျှော့ချပြီး ငါးများနှင့် ဟင်းသီးဟင်းရွက်၊ သီးနှံများ၊ အခွံမာသီးများ၊ အစေ့အဆန်များ၊ ပဲပင်အမျိုးမျိုးနှင့်ပဲစေ့များ၊ ပါဝင်သော မြေထဲပင်လယ်အစားအစာပုံစံကို အနီးကပ်ဆုံးလိုက်နာကြသော အမျိုးသမီးများသည် အကြောင်းအမျိုးမျိုးကြောင့် သေဆုံးနိုင်ခြေ ၂၃ ရာခိုင်နှုန်း လျော့နည်းကြောင်း တွေ့ရှိခဲ့သည်။

သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များနှင့် အဆီမပါသော ပရိုတင်းဓာတ်များကြွယ်ဝသည့် အစားအစာများသည် ကိုယ်အလေးချိန်ကို ထိန်းညှိပေးကာ သွေးပေါင်ချိန်နှင့်ကိုလက်စထရောများကို လျှော့ချပေးပြီး နှလုံးသွေးကြောဆိုင်ရာရောဂါများနှင့် လေဖြတ်ခြင်းအန္တရာယ်ကို လျှော့ချပေးနိုင်သည်။ သစ်သီးများ၊ ဟင်းသီးဟင်းရွက်များနှင့် အစေ့အဆန်များကြွယ်ဝသော အစားအစာများသည် အူမကြီးကင်ဆာ၊ ရင်သားကင်ဆာနှင့် တချို့သော ကင်ဆာများဖြစ်နိုင်ခြေနည်းပါးကြောင်း လေ့လာမှုများကဖော်ပြထားသည်။ အာဟာရဓာတ်နှင့် အင်တီအောက်စီးဒင့်များ လုံလောက်စွာပါရှိသောအစားအစာသည် ဦးနှောက်ကို ကာကွယ်ပေးနိုင်ပြီး အယ်လ်ဇိုင်းမားနှင့် ပါကင်ဆန်ကဲ့သို့သော အာရုံကြောဆိုင်ရာရောဂါများဖြစ်နိုင်ခြေကို လျှော့ချနိုင်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာသည် အသက်ရှည်ရန်အတွက် အထူးအရေးကြီးသည့်ကိုယ်ခံအားစနစ်ကို အားကောင်းစေပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကူးစက်မှုအန္တရာယ်ကို လျှော့ချပေးနိုင်သည်။

**ကယ်လိုရီစားသုံးမှုကန့်သတ်ခြင်းဖြင့်**
**အိုမင်းခြင်းဖြစ်စဉ်ကို နှေးကွေးစေခြင်း**

လူသားများအတွက် အမြဲမဟုတ်သော်လည်း သင့်လျော်သည့်အချိန်တွင်

"ကျန်းမာစွာအိုမင်းခြင်း၏ အရေးကြီးသောအချက်တစ်ခုမှာ ခန္ဓာကိုယ်သန်မာပြီး ခံနိုင်ရည်ရှိရန်လိုအပ်သော အာဟာရဓာတ်များရရှိရန် လိုအပ်သည်။ မျှတသောအစားအစာသည် အခြေခံလိုအပ်ချက်ဖြစ်သော်လည်း မှန်ကန်သောဖြည့်စွက်စာများသည် အသက်ရှည်ခြင်းနှင့်အလုံးစုံကျန်းမာရေးကို ပံ့ပိုးပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်ဟု အစားအသောက်ပညာရှင်များက သဘောတူလက်ခံကြသည်. . ."

ကယ်လိုရီစားသုံးမှုကိုကန့်သတ်ခြင်းဖြင့် အာဟာရစားသုံးမှုကိုထိန်းသိမ်းထားခြင်းသည် အိုမင်းမှုဖြစ်စဉ်ကို နှေးကွေးစေပြီး သက်တမ်းတိုးစေကြောင်း လေ့လာမှုများတွင်တွေ့ရှိခဲ့သည်။ အထူးသဖြင့် အင်တီအောက်စီးဒင့်များနှင့် Omega-3၊ Fatty Acid များသော အစားအစာတချို့သည် ဆဲလ်များပျက်စီးခြင်းမှ ကာကွယ်ပေးပြီး ရောင်ရမ်းမှုကိုဆန့်ကျင်သည့် ဂုဏ်သတ္တိများရှိသောကြောင့် အိုမင်းရင့်ရော်မှုဖြစ်စဉ်ကို နှေးကွေးစေသည်။ သုတေသနပြုချက်များအရ Omega-3၊ Fatty Acid ကြွယ်ဝသော အစေ့အဆန်များသည် အသက်ရှည်မှုနှင့် အိုမင်းခြင်းဖြစ်စဉ်ကို နှေးကွေးစေနိုင်သည်။

အသက်ပိုရှည်ပြီး ကျန်းမာသန်စွမ်းသောဘဝတွင် နေထိုင်ရန်ဆိုသည်မှာ လွယ်ကူသည့်လုပ်ဆောင်ချက်တစ်ခုတော့မဟုတ်ပါ။ လေ့လာမှုများအရ မျိုးရိုးဗီဇကသာ သက်တမ်းကိုဆုံးဖြတ်ခြင်းမဟုတ်ဘဲ ဘဝနေထိုင်မှုပုံစံနှင့်တခြားသော အလေ့အကျင့်များကလည်း အရေးပါသောအခန်းကဏ္ဍမှပါဝင်ကြောင်း သိရှိလာခဲ့သည်။

**ပုံမှန်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း**

ကိုယ်လက်လှုပ်ရှားမှုသည် နှလုံးနှင့်အဆုတ်၏လုပ်ဆောင်ချက်ကို အားကောင်းစေခြင်း၊ သွေးကြောများ၏ ကျန်းမာရေးကို ပိုမိုကောင်းမွန်စေခြင်း၊ ကြွက်သားများ သန်မာလာခြင်း၊ ဟန်ချက်ကောင်းမွန်ခြင်းနှင့် ကျန်းမာသောကိုယ်အလေးချိန်ကိုထိန်းထားနိုင်ခြင်း စသည့် ခန္ဓာကိုယ်အပေါ် သက်ရောက်သည့် ကောင်းကျိုးများကြောင့် ပိုမိုအသက်ရှည်စေကြောင်း လေ့လာမှုများက ဖော်ပြသည်။ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုများသည် အသက်အရွယ်ရလာသည်နှင့်အမျှ ဘဝအရည်အသွေးကိုမြှင့်တင်ပေးနိုင်ပြီး သက်တမ်းတိုးစေကြောင်း လေ့လာမှုများအရ သိရသည်။ ကိုယ်လက်လှုပ်ရှားမှုသည် ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေပြီး ဖျားနာခြင်းကို ပိုမိုခံနိုင်ရည်ရှိစေသည်။ သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိပေးပြီး အင်ဆူလင်အာရုံခံနိုင်စွမ်းကို မြှင့်တင်ပေးကာ အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးသည်။ ပုံမှန်လေ့ကျင့်ခန်းသည် အလုံးစုံကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သောအိပ်စက်မှုပုံစံများကို ထိန်းညှိပေးပြီး ပိုမိုကောင်းမွန်သောအိပ်စက်မှု အရည်အသွေးကို မြှင့်တင်ပေးနိုင်သည်။ လေ့ကျင့်ခန်းလုပ်ခြင်းသည် နှလုံးအားကောင်းစေပြီး သွေးဖိအားကိုကျဆင်းစေကာ ကိုလက်စထရောပမာဏကို လျှော့ချပေးခြင်း၊ နှလုံးသွေးကြောကျန်းမာရေးကို ပိုမိုကောင်းမွန်စေခြင်း၊ နာတာရှည်ရောဂါများဖြစ်နိုင်ခြေကိုလျှော့ချပေးခြင်း၊ ကျန်းမာသန်စွမ်းသောဘဝနှင့် အလုံးစုံကျန်းမာရေးကို မြှင့်တင်ပေးခြင်းဖြင့် အသက်ပိုရှည်ရန် အထောက်အကူဖြစ်စေသည်။ ပုံမှန်လေ့ကျင့်ခန်းလုပ်ခြင်းသည် ရင်သားကင်ဆာ၊ အူမကြီးနှင့် အဆုတ်ကင်ဆာအပါအဝင် ကင်ဆာအမျိုးအစားများစွာ ဖြစ်ပွားနိုင်ခြေနည်းပါးခြင်းနှင့် ဆက်စပ်နေသည်။

**အစားစားပြီးနောက် လမ်းလျှောက်ခြင်း**

ယခုအခါတွင် အစာချေဖျက်မှုကောင်းရန်မှာ ကျန်းမာသောအိုမင်းမှုအတွက် မရှိမဖြစ်လိုအပ်ကြောင်း သုတေသနအသစ်များစွာထွက်ပေါ်လာသည်။ လမ်းလျှောက်ခြင်း သို့မဟုတ် ယောဂကဲ့သို့ နူးညံ့သိမ်မွေ့သော လေ့ကျင့်ခန်းများပြုလုပ်ခြင်းသည် အူအတွင်းလှုပ်ရှားမှုကိုအားကောင်းစေပြီး အစာချေဖျက်မှုအားကောင်းစေနိုင်သည်။ အစားစားပြီးနောက် လမ်းလျှောက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော သွေးတွင်းသကြားဓာတ်ထိန်းညှိမှုသည် အချိန်ကြာလာသည်နှင့်အမျှ အင်ဆူလင်ခံနိုင်ရည်ရှိမှုကို လျှော့ချနိုင်ကြောင်းတွေ့ရသည်။ ညစာစားပြီးနောက် လမ်းလျှောက်ခြင်းသည် ကျန်းမာရေးကို အထောက်အကူပြုနိုင်သည့် ရိုးရှင်းလွယ်ကူသော နည်းလမ်းတစ်ခုဖြစ်ကြောင်း တွေ့ရှိလာသည်။

**လုံလောက်စွာအနားယူခြင်းနှင့်**
**အိပ်စက်ခြင်း**

လုံလောက်စွာအနားယူခြင်းသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို အထောက်အကူပြုသဖြင့် နှလုံးသွေးကြောကျန်းမာရေးနှင့် အလုံးစုံကျန်းမာရေးကို တိုးတက်ကောင်းမွန်စေသောကြောင့် သက်တမ်းရှည်စေသည်။ ချွေးထွက်အောင်လုပ်ရန် အရေးကြီးသကဲ့သို့ လုံလောက်သောအနားယူခြင်းနှင့် အိပ်စက်ခြင်းက အသက်ရှည်စေသော နည်းလမ်းဖြစ်သဖြင့် နေ့စဉ်အချိန်ဇယားတွင် ထည့်ရန်လိုအပ်သည်။

ကျန်းမာရေးနှင့် ညီညွတ်သောအိပ်စက်မှုအလေ့အထရှိသူများသည် အစာစားချင်စိတ်နှင့် သွေးတွင်းသကြားဓာတ်ပမာဏကိုထိန်းညှိပေးကာ အဝလွန်ခြင်းနှင့် အမျိုးအစား-၂ သွေးချို ဆီးချိုရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးသည်။ နှလုံးရောဂါ၊ သွေးချို ဆီးချိုနှင့် တချို့သော ကင်ဆာများကဲ့သို့ နာတာရှည်ရောဂါများဖြစ်နိုင်ခြေကို လျှော့ချပေးကြောင်း လေ့လာမှုများက ဖော်ပြသည်။

ညစဉ်အရည်အသွေးကောင်းမွန်သော အိပ်စက်ခြင်း (ခုနစ်နာရီမှ ကိုးနာရီအထိ) ကိုရရှိခြင်းသည် သက်တမ်းပိုရှည်စေသည်ဟု သုတေသနပြုချက်များအရ သိရသည်။ ကျန်းမာရေးသုခနှင့်ပြည့်စုံသော လူ့သက်တမ်းကိုထိန်းသိမ်းရာတွင် အိပ်စက်ခြင်းသည် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်ပြီး ကျန်းမာရေးကောင်းသည့်ဘဝနေထိုင်သည့်ကာလကို တိုးမြှင့်စေနိုင်သည်။ ထို့ကြောင့် အိပ်စက်ခြင်းသည် ကျန်းမာစွာအိုမင်းခြင်း၏အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။

အသက်အရွယ်ကြီးရင့်ခြင်းသည် အခွင့်ထူးတစ်ခုဖြစ်သည်။ လူအများစုသည် လှပစွာအသက်အရွယ်ကြီးရန် ဆန္ဒရှိပြီး ပို၍အရေးကြီးသည်မှာ ကျန်းမာစွာနေထိုင်လိုကြခြင်းပင်ဖြစ်သည်။ ကျွမ်းကျင်သူများနှင့် ဆေးပညာရှင်များ၏ အကြံပြုချက်များအရ နေ့စဉ်လူနေမှုပုံစံ အလေ့အကျင့်များသည် အနာဂတ်အသက်အရွယ်ကြီးရင့်လာချိန်ကို ပုံဖော်ရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ကူညီပေးနိုင်သည်။ ကျန်းမာစွာအိုမင်းခြင်းအလေ့အထကို ကျင့်သုံးရန် အချိန်နှောင်းသည် သို့မဟုတ် စောလွန်းသည်မဟုတ်ပါ။ သို့သော်လည်း ဘဝနေထိုင်မှုပုံစံကို စောစီးစွာပြုပြင်ပြောင်းလဲနိုင်လေ ပိုကောင်းလေဖြစ်သည်။ သို့ဖြစ်၍ ငယ်ရွယ်စဉ်ကပင် ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံကိုဦးစားပေးရွေးချယ်ခြင်းသည် ခန္ဓာကိုယ်စွမ်းအင်ကို မြှင့်တင်ပေးကာ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို မြှင့်တင်ပေးနိုင်ပြီး အသက်ရှည်ရှည်နှင့် ဘဝအရည်အသွေး ကောင်းမွန်အောင် အထောက်အကူပေးနိုင်ကြောင်း ကျန်းမာရေးသုတမျှဝေလိုက်ရပါသည်။

ဒေါက်တာသိင်္ဂီကျော်

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုံ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သောအန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၂၈**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ မျိုးရင်ရင်သီလရှင်စာသင်တိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုနှင့် စစ်ကိုင်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးဝဲ/ယာများရှိ ငလျင်ဒဏ်ကြောင့် အပြိုအပျက်များအား အဖွဲ့အသီးသီးက အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင်စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ ရွှေဟသာင်္တိုက်သစ်၌ ရွှေဟသာင်္တိုက်သစ်ဆရာတော် အရှင်သဒ္ဓမ္မအမှူးပြုသော သံဃာတော်အရှင်သူမြတ်များက ငလျင်ဒဏ်ကြောင့် ဘဝနတ်ထံပျံလွန်တော်မူသော ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် ကွယ်လွန်သွားကြသော လူပုဂ္ဂိုလ်များအတွက် သုံးလပြည့်ရည်စူးကုသိုလ်အမျှအတန်းပေးဝေပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုံနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ရွှေဟသာင်္တိုက်သစ်ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကာ ရေစက်သွန်းချ အမျှပေးဝေသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်နှင့် အောင်မြေသာစံမြို့နယ်၊ မင်းတဲအီးကင်း ရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ အများပြည်သူအသုံးပြုမှုများသည့် လမ်းမကြီးများ လမ်းပိတ်ဆို့မှုမဖြစ်ပေါ်စေရေးနှင့် အန္တရာယ်ကင်းစွာသွားလာနိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**တောင်ကြီး ဇွန် ၂၈**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် တောင်ကြီးမြို့ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးတို့တွင် ဝန်ထမ်းများစုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ဗိုလ်ချုပ်ပန်းခြံအရှေ့ဘက်ရှိ ပြုပြင်ရန်လိုအပ်လျက်ရှိသည့် ပလက်ဖောင်းများ အမြန်ဆုံးပြန်လည်ပြုပြင်ရန်တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် အမျိုးသမီးနှင့်ကလေးဆေးရုံ ဝန်ထမ်းအိမ်ရာအခြေအနေ၊ ခရိုင်နှင့် မြို့နယ်စုပေါင်းရုံး၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ မြို့နယ်စည်ပင်သာယာရေးရုံး၌ အမှိုက်စနစ်တကျစွန့်ပစ်နိုင်ရန် အမှိုက်ပုံးများစီစဉ်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ကျင်းပသည့် ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပိုက်ကျော်ခြင်းပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် တောင်ကြီးမြို့နယ်အသင်းနှင့် တာချီလိတ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် တောင်ကြီးမြို့နယ်အသင်းက နှစ်ပွဲတစ်ပွဲဖြင့် အနိုင်ရရှိသွားကြောင်းနှင့် အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန်လ ၂၈ ရက်မှ ၃၀ ရက်အထိကျင်းပကာ ပြိုင်ပွဲဝင်အမျိုးသား၂၃ သင်း၊ အမျိုးသမီးကိုးသင်း စုစုပေါင်း ၃၂ သင်းပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**




**အမည်မှန်**
သထုံမြို့နယ်၊ အ.ထ.က သိမ်ဆိပ် Grade-11 မှ မဝန်းပြည့်ပြည့် အိမ်၏အမည်မှန်မှာ မဝန်းပြည့်အိမ် ၁၀/သထန(နိုင်)၃၂၃၄၉ ဖြစ်ပါကြောင်း။
မဝန်းပြည့်အိမ်

**မိဘအမည်မှန်**
သထုံမြို့နယ်၊ အ.ထ.က သိမ်ဆိပ် Grade- 8 မှ မောင်ဖြိုးခန့်သော်၏မိဘအမည်မှန်မှာ ဦးသန်းဇော်ထိုက်၁၀/သထန(နိုင်)၁၂၈၅၁၅ နှင့်ဒေါ်ခင်ချောစု ၁၀/ခဆန(နိုင်)၀၈၉၁၁၀ ဖြစ်ပါကြောင်း။
ဦးသန်းဇော်ထိုက်+ဒေါ်ခင်ချောစု

**အမည်ပြောင်း**
နေပြည်တော်၊ ဇေယျာသီရိ အနော်ရထာရပ်ကွက်နေ(ဘ)ဦးလှမြတ်စိုး၏သား ဦးသူရစိုး ၁၂/ခရန(နိုင်)၀၈၉၇၁၁ အား ယနေ့မှစ၍ ဦးသူရစိုး(ခ)ဦးသန်းစိုး ဟု ပြောင်းလဲခေါ်ဆိုပါရန်။
ဦးသူရစိုး(ခ)ဦးသန်းစိုး

## အလိမ္မာစာမှာရှိ

**အမည်ပြောင်း**
နေပြည်တော်တိုင်းဒေသကြီး၊ ဥတ္တရသီရိမြို့နယ်၊ သစ်ဝနိုင်ကျေးရွာနေ ဦးမျိုးမင်းဇင် ၉/ပမန(နိုင်)၂၇၁၆၀၄ ၏သား မောင်အောင်ဇင်ဖြိုးအား မောင်အောင်ခန့်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်အောင်ခန့်ကျော်

**ပျောက်ဆုံးကြောင်း**
မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အမှတ်(၅၂)နေ မချောသက်လွင်(ဘ)ဦးမောင်လွင် ၁၂/အစန(နိုင်)၁၆၄၄၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB 233980)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**
ဆုရည်လှိုင်(ဘ)ဦးဇော်မင်းဦး ၁၂/မဂဒ(နိုင်)၁၄၉၅၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၂၀၀၀၆၅

**ပျောက်ဆုံးကြောင်း**
လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ သီရိမြိုင်လမ်းမ အမှတ်၅၄၁ နေ ဘုန်းကျော်(ဘ)ဦးဘုန်းမြင့် ၁၂/လမန(နိုင်)၁၀၂၀၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၄၀၆၃၀၅

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ အင်ကြင်း(၂)လမ်း၊ မြေကွက်အမှတ်(ပ-၂၁၂၂၀)ဟုခေါ်သော အကျယ်(၈၀x၆၀)ပေ ဧရိယာ(၀.၁၁၀)ဧကရှိ ဂရန်မြေကွက်နှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အားလုံးကို ဂရန်အမည်ပေါက်ဖြစ်သူ ဦးသန်းဌေးပိုင်ဆိုင်သည့် အိမ်နှင့်မြေကွက်အား ကျွန်ုပ် ဦးသူရိန်စိုးက ဝယ်ယူရန် စရန်ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိလျှင် အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးသူရိန်စိုး ၉/မတရ(နိုင်)၁၄၄၃၀၇
ဖုန်း-၀၉-၄၅၄၁၁၇၀၄၆

**ပျောက်ဆုံးကြောင်း**
တင်မာဌေး(ဘ)ဦးတင်မောင် ၉/ပမန(နိုင်)၁၄၂၇၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ချောစုနှင်း(ဘ)ဦးကံချွန်(ခ)ဦးပြုံးထူး ၁၃/ကမန(နိုင်)၁၀၃၀၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
ကျောက်တလုံးကြီးမြို့နယ်၊ နားဟီးအုပ်စု၊ ထီရီ(န)ရွာနေ နန်းနွယ်အေး(ဘ)ဦးအောင်သာ ၁၃/တကန(နိုင်)၃၉၁၅၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကဝမြို့နယ်၊ သက္ကလအသင်းကျေးရွာနေ နေလင်းအောင်(ဘ)ဦးမြင့်ထွေး ၇/ကဝန(နိုင်)၀၉၁၂၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇


Smart P ®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး
ရွှေဖီဦး BLACK TEA (မှောင်တရား)ကို Export Quality စားဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။
Black Tea
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Tea Mix
Lemon Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇

# စိုက်ပျိုးရေးနှင့် နည်းပညာဆိုင်ရာပြပွဲ (၂၀၂၅) ကျင်းပ



**ရန်ကုန် ဇွန် ၂၈**

စိုက်ပျိုးရေးသုံးပစ္စည်းများ၊ စားသောက်ကုန်နှင့် လယ်ယာသုံးပစ္စည်းများ၊ ဆိုလာနှင့် လျှပ်စစ်ပစ္စည်းများကို ကြည့်ရှုလေ့လာနိုင်မည့် စိုက်ပျိုးရေးနှင့် နည်းပညာဆိုင်ရာပြပွဲ (၂၀၂၅)ကို ဇွန်လ ၂၇ ရက်က ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ဝင်းအတွင်းရှိ YCC ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

အဆိုပါပြပွဲ၌ စိုက်ပျိုးရေးလုပ်ငန်းတွင်အသုံးပြုသည့် ဘက်စုံသုံးလယ်ထွန်စက်များ၊ ဆန်စက်နှင့် ဆန်စက်အပိုပစ္စည်းများ၊ သီးနှံအခြောက်ခံစက်များ၊ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ၊ ထရန်စဖော်မာ၊ ဆိုလာ၊ အင်ဗာတာနှင့် လျှပ်စစ်ပစ္စည်းများ၊ ဟိုတယ်သုံးပစ္စည်းများဖြစ်သည့် ပန်းကန်ခွက်များသာမက ဟိုတယ်သုံးရေခဲသေတ္တာနှင့် ပြည်တွင်းထုတ်ဝိုင်များကိုပါ ပြသထားသည်။

ထို့ပြင် စိုက်ပျိုးထုတ်လုပ်သူများအတွက် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ ဦးဆောင်စီစဉ်မှုဖြင့် တောင်သူအားလုံးအတွက် ဘေးကင်းလုံခြုံသည့် ဥယျာဉ်ခြံသီးနှံစီမံထုတ်လုပ်နည်း၊ စွမ်းအားမြင့်အော်ဂဲနစ်မြေဩဇာများကို သိပ္ပံနည်းကျထုတ်လုပ်ခြင်း၊ အာမခံချက်ရှိသည့် သီးနှံများစိုက်ပျိုးထုတ်လုပ်တင်ပို့ခြင်း၊ တောင်သူအားလုံးပါဝင်သော သီးနှံတန်ဖိုးမြှင့်ကွင်းဆက်စီမံချိတ်ဆက်ခြင်း စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးဟောပြောပွဲများကိုလည်း ကျင်းပပေးမည်ဖြစ်သည်။ ယင်းပြပွဲကို ဇွန်လ ၂၇ ရက်မှ ၂၉ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ပြသလျက်ရှိကြောင်း သိရသည်။ **လင်းခန့်**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တက်ဘောအားကစားနည်းကို မြန်မာနိုင်ငံမှ ပထမအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မည်



**ရန်ကုန် ဇွန် ၂၈**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တက်ဘောအားကစားနည်းကို မြန်မာနိုင်ငံမှ ပထမအကြိမ်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲ၌ဆုတံဆိပ်ရရှိရေး ရည်မှန်းချက်ထား ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ထိုင်းနိုင်ငံက တက်ဘောအားကစားကို လောလောဆယ် ကမ္ဘာ့အဆင့်ယှဉ်ပြိုင်ကစားနေပါတယ်။ ကမ္ဘာ့ချန်ပီယံရထားတဲ့ ကစားသမားနှစ်ယောက်လည်းရှိတယ်။ အဲဒီကမ္ဘာ့ချန်ပီယံကစားသမားနှစ်ယောက် ဒါမှမဟုတ် ကစားသမားလေးယောက်လောက်ကို ဖိတ်မယ်။ ဖိတ်ပြီးတော့ တက်ဘောဆိုတာ ဘယ်လိုကစားရလဲဆိုတာကို သရုပ်ပြပါမယ်။ ပြည်သူလူထုကို တက်ဘောအားကစားဆိုတာ ဘယ်လိုမျိုးလဲဆိုတာ မိတ်ဆက်ပြသဖို့ရှိပါတယ်" ဟု မြန်မာနိုင်ငံတက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၁) ဦးစိုးမိုးကျော်ကပြောသည်။

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ တက်ဘောအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဇူလိုင်လကုန်ပိုင်းတွင် မြန်မာနိုင်ငံတက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဖိတ်ခေါ်ပြိုင်ပွဲကျင်းပကာ ပဏာမကစားသမားရွေးချယ်၍ စခန်းသွင်းလေ့ကျင့်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲသို့ နိုင်ငံတစ်ဝန်းမှ တက်ဘောအားကစားကို စိတ်ပါဝင်စားသူ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

စခန်းသွင်းလေ့ကျင့်ပြီး နှစ်ပတ်အကြာတွင် ထိုင်းနိုင်ငံသို့ သွားရောက်လေ့ကျင့်ကာ ထိုင်းနိုင်ငံ၌ ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်စေပြီး ဆန်ခါတင်ကစားသမားရွေးချယ်မည်ဖြစ်သည်။ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အမျိုးသားကစားသမားလေးဦးနှင့် အမျိုးသမီးကစားသမားလေးဦး သွားရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ယင်းကစားသမားများက အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတို့တွင် ဆုတံဆိပ်ရရှိရေး အကောင်းဆုံးပြင်ဆင်၍ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

တက်ဘောအားကစားနည်းသည် ဘောလုံး၊ စားပွဲတင်တင်းနစ်နှင့် ပိုက်ကျော်ခြင်း အားကစားနည်းသုံးမျိုး ပေါင်းစပ်ထားဟန်ရှိသည့်ကစားနည်းဖြစ်ကာ ဟန်ဂေရီနိုင်ငံက စတင်ကစားခဲ့ကြောင်းနှင့် လက်ရှိ ဟန်ဂေရီနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ တက်ဘောအားကစားအဖွဲ့ချုပ်တွင် အဖွဲ့ဝင်နိုင်ငံ ၁၂၀ ကျော်ရှိပြီး ကမ္ဘာ့နိုင်ငံများ၌ ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။ **ဝန်းရံခ**

# လက်ပံတန်းမြို့နယ် သဖန်းကုန်းကျေးရွာ၌ မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုလျှော့နည်းစေရေး အသိပညာပေးဟောပြော

**လက်ပံတန်း ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လေကောင်းလေသန့်ရရှိစေရေးအတွက် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုလျှော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို ဇွန်လ ၂၈ ရက်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာဖြစ်သည့် လက်ပံတန်းမြို့နယ် သဖန်းကုန်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ဇော်က မီးခိုးမြူငွေ့သည် တစ်နေရာမှ တစ်နေရာသို့ အလွယ်တကူပျံ့နှံ့ရောက်ရှိနိုင်ပြီး သက်ရှိများအတွက် အသက်ရှူလမ်းကြောင်းဆိုင်ရာကျန်းမာရေး ထိခိုက်မှုများဖြစ်ပွားနိုင်ကြောင်းပြောကြားပြီး မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ပြောကြားသည်။

ထို့နောက် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုလျှော့နည်းစေရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

သဖန်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးအတွက် ငွေကျပ် ၃၅ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးအတွက် ငွေကျပ် ၅ ဒသမ ၉ သန်း၊ အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦးအတွက် ငွေကျပ် ၁ ဒသမ ၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၈ ဦးအတွက် ငွေကျပ် ၄၂ ဒသမ ၇ သန်းထုတ်ချေးပေးထားကြောင်း သိရသည်။

**သုတ**

# ဘိုကလေးမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲနှင့် အောင်နိုင်တိုးစပါးမျိုးစေ့ပေးအပ်ပွဲကျင်းပ



**ဘိုကလေး ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် သကံဝကျေးရွာအုပ်စု ငွေတောင်ကျေးရွာရှိ တောင်သူဦးတင်စိုး၏ ကွင်းအမှတ်(၇၀၉) ဦးပိုင်အမှတ်(၁၀) လယ်မြေ၌ ၂၀၂၅-၂၀၂၆ မိုးစပါးစိုက်ပျိုးရာသီတွင် မျိုးစေ့ချကိရိယာဖြင့် စပါးမျိုးစေ့ချစိုက်ပျိုးခြင်းသရုပ်ပြပွဲနှင့် အောင်နိုင်တိုးစပါးမျိုးစေ့ ပေးအပ်ပွဲအခမ်းအနားကို ဇွန်လ ၂၈ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ဖျာပုံခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက စပါးအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ထို့နောက် ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်က မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဖျာပုံခရိုင်နှင့် ဘိုကလေးမြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဝင်များက တောင်သူများထံ အောင်နိုင်တိုးစပါးမျိုးစေ့များပေးအပ်ကာ တောင်သူဦးတင်စိုး၏လယ်မြေ၌ မျိုးစေ့ချကိရိယာဖြင့် စပါးမျိုးစေ့ချစိုက်ပျိုးသရုပ်ပြခြင်းလုပ်ငန်းဆောင်ရွက်ရာ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါအခမ်းအနားသို့ ဖျာပုံခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် တာဝန်ရှိသူများ၊ ဘိုကလေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဝင်များနှင့် သကံဝကျေးရွာအုပ်စုမှ တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

# မကွေးတိုင်းဒေသကြီး မိုးရာသီ(တတိယအကြိမ်) သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

မကွေး ဇွန် ၂၈

ဇူလိုင်လ ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မကွေးတိုင်းဒေသကြီး မိုးရာသီ(တတိယအကြိမ်) သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးတက္ကသိုလ်အရှေ့ဘက် အောင်စေတနာရပ်ကွက်၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မကွေးတက္ကသိုလ်ရှိ ဆရာ/ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ကို ပျိုးပင်များ ပေးအပ်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲတော်တွင်တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ခရေ၊ တမာ၊ ပန်းမဲဇလီ၊ ဆီသပြေ၊ စိန်တံချူ အစရှိသည့်သစ်မျိုးစုံ၊ ပန်းအလှပင်နှင့်ပျိုးပင်ပေါင်း ၁၂၀၀ ကို စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်ဆက်)

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ဈေးကားများဖြင့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချ

နေပြည်တော် ဇွန် ၂၈

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့်ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့်မန္တလေးမြို့တို့အတွင်း ငွေလျှင်ဘေးသင့်ဝန်ထမ်းများနှင့်ပြည်သူများသို့ ၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ ဇွန်လ ၂၈ ရက်တွင် ၈၇ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇွန်လ ၂၈ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၆ ပြည်ပါ(မနောသုခ- Export Quality)၊ ဆန် ၅ ပြည်ပါ(ဖျာပုံပေါ်ဆန်း)၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးတံခွန်၊ ငါးပုတ်သင်၊ ငါးနီတူခြောက်၊ အာပွဲခြောက်၊ ငါးရောင်ခြောက်၊ ကြက်ဥ၊ ဘဲဥ၊ ခေါက်ဆွဲခြောက်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အလားတူ ၂၀၂၅ ခုနှစ် ဇွန်လ ၂၈ ရက်တွင် စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း)၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးနီတူခြောက်၊ ပုစွန်ခြောက်၊ ကြက်ဥ၊ ဘဲဥ၊ ကြက်သွန်နီနှင့် အသားတုတို့ကို သက်သာသောဈေးနှုန်းများဖြင့်ရောင်းချပေးခဲ့ပြီး မန္တလေးမြို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့်ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (မနောသုခ)၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးနီတူခြောက်၊ အာပွဲခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ခေါက်ဆွဲခြောက်တို့ကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၂၆ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ (၀)မိုင်၊ ခါလာကြီး ထမင်းဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း(၄)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၄၇၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Starex (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၂၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Singapore Airlines လေယာဉ်ခရီးစဉ်အမှတ် SQ-762/ SF - 6049 ဖြင့် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့်မြန်မာနိုင်ငံသားခရီးသည် (၁)ဦး၏ ဝန်စည်အတွင်းမှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၀၈၇၅၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၁၆၄)တန်၊ သစ်မာ (သုည ဒသမ ၆၉၀)တန်၊ အခြားသစ် (၄ ဒသမ ၄၅၈)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၄၇၅၉)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၂၇ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့၊ မြို့သစ်(၆)ရပ်ကွက်၊ ရွှေနံ့သာလမ်း၊ အိမ်အမှတ်(၉-ခ)ရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ မြေနီလမ်း၊ ကမ်းနားဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း(၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၄၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၄၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၂၇ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၁၄)စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၄၁)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန်လ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၄)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၆၀၂၂၅၉)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် သိသာစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ရရှိသည့်အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

## ၂၈-၆-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၈၈၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°c | / | ၃၁°c |
| ရန်ကုန် | ၂၅°c | / | ၃၁°c |
| မန္တလေး | ၂၇°c | / | ၃၆°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇွန် ၂၈

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

❖ **ကြိုးစားအားထုတ်မှုရှိမှသာလျှင် ဘဝရပ်တည်မှုများမြင့်မားမည်ဖြစ်သဖြင့် မိမိတို့၏ရည်မှန်းချက်ပန်းတိုင် မပျောက်စေရေးအတွက် စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းအားထုတ်သွားရန်နှင့် မိမိကိုယ်ကို စောင့်ထိန်းနေထိုင်သွားကြရန်လို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ပြုလုပ်သော တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲက ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၂၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Buryatia ပြည်နယ်သို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညစာစားပွဲနေရာသို့ရောက်ရှိကြရာ Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲ ၊ ဒုတိယပြည်နယ်အကြီးအကဲနှင့်တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ညစာစားပွဲကို စတင်ကျင်းပပြုလုပ်ရာ Buryatia ပြည်နယ်၊ ပြည်နယ်အကြီးအကဲက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား Buryatia ပြည်နယ်မှ လှိုက်လှဲနွေးထွေးစွာကြိုဆိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် နေရာဒေသချင်း အလှမ်းကွာဝေးသော်လည်း ရင်ဘတ်ချင်းနီးကြပါကြောင်း၊ ကိုးကွယ်ရာဘာသာတရားချင်းလည်းတူညီမှုရှိကြပြီး အခြေခံဘာသာတရားတူညီနီးစပ်မှုမှအစပြု၍ လူမှုရေး၊ စီးပွားရေးဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မိမိတို့ Buryatia ပြည်နယ်သို့ လာရောက်မှုအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းဖြင့် ပြောကြားသည်။

**စာမျက်နှာ ၁၇ ကော်လံ ၁** ❐

